မွန်လူ့ထုအသံ

The Mon Forum

HUMAN RIGHTS NEWSLETTER

အတွဲ (၅)၊ အမှတ် (၅)၊ အောက်တိုဘာလ ၁၅၊ ၂၀၁၇ — မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# မီဒီယာဥပဒေရှိသော်လည်း သတင်းသမားများကို နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေဖြင့် အရေးယူသောကြောင့် သတင်းသမားများက ဆန္ဒဖော်ထုတ်




စက်တင်ဘာ ၁၉၊ ၂၀၁၈

သတင်းသမားများအတွက် သတင်းမီဒီယာဥပဒေကို သီးခြားပြဌာန်းထားသော်လည်း ရိုက်တာသတင်းဌာနမှ သတင်းထောက် (၂) ဦးဖြစ်သော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား စက်တင်ဘာလ (၃) ရက်နေ့တွင် နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေဖြင့် အရေးယူလိုက်သောကြောင့်

▲ စာမျက်နှာ ၂ သို့

# မိုးရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီးသွားသော မိုးစပါးများအား ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်သူများ အခက်အခဲဖြစ်နေ

စက်တင်ဘာ ၆၊ ၂၀၁၈

ပြီးခဲ့သည့်ဇူလိုင်လအတွင်း မွန်ပြည်နယ်တွင် မိုးကြီးမှုကြောင့် နစ်မြုပ်ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအား အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အစိုးရက စပါးစိုက်တောင်သူများ



▲ စာမျက်နှာ ၃ သို့

# မော်လမြိုင်စည်ပင်သာယာရေးဌာနက လယ်ယာမြေများကို ခြံခတ်ရန် ကြိုးပမ်းနေ



စက်တင်ဘာ ၂၈၊ ၂၀၁၈

၂၀၁၈ ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ သာယာအေးရပ်ကွက်မှ ဒေသခံလယ်သမား (၂၃) ဦး ပိုင်ဆိုင်သော လယ်မြေဧက (၂၃၅) ဧကကို မော်လမြိုင်စည်ပင်သာယာရေးဌာနက ခြံခတ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

▲ စာမျက်နှာ ၄ သို့

# ဘာမှ ထူးခြားမလာတော့ ဒီအတိုင်းပဲ နေလိုက်ကြတယ် မြေသိမ်းခံရသူ ဦးရှင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း



စက်တင်ဘာ ၂၈၊ ၂၀၁၈

‘(ခြံဝယ်ပြီးတော့) ရာဘာစီးတောင် သိပ်မခြစ်လိုက်ရပါဘူး၊ ၂၀၁၆ မှာ အမှတ် (၁၃၅) အမြောက်တပ်ရင်းက ကျွန်မတို့ကို ခေါ်ပြီး ခြံထဲမှာ ဆက်ပြီးတော့ အလုပ်လုပ်ချင်တယ်ဆိုရင် သူတို့ကို အခွန်ပေးရမယ်လို့ ပြောတယ်။ အဲအချိန်ကတည်းက (ခြံအသိမ်းခံရမှာကို) ကျွန်မတို့ စိတ်ပူနေပြီ။ ကျွန်မတို့ခြံက တပ်ရင်းနဲ့ နီးနေတော့ အသိမ်းခံရမှာကို ကြောက်နေရတယ်။’

▲ စာမျက်နှာ ၆ သို့

ခနောက်စိမ်းစက်ရုံကိတ်သိမ်းပေးရေး ဒေသခံ ၂၀၀ကျော်ဆန္ဒပြတောင်းဆို — စာ-၇

မော်လမြိုင်မြို့တွင်လုယက်မှုများအကြားခဏဖြစ်ပွားနေသောကြောင့်သွားရေးလာရေးလုံခြုံမှုမရှိဟုပြည်သူများပြောဆို — စာ-၈

မွန်တော်လှန်ရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ်များ ဖြုတ်ချခံရမှုအပေါ်မွန်လူထုများကန့်ကွက်နေ — စာ-၁၀

ပင်လယ်ဒီရေမြင့်တက်မှုကြောင့်ပြိုကျခဲ့သောအိမ်များကိုမြင်နေရ၍ ပြန်လည်ဆောက်လုပ်ခွင့်မပေးသည့်အတွက် အခက်အခဲများရှိနေဟုဒေသခံများဆို — စာ-၁၂

▲ စာမျက်နှာ – ၁ မှ အဆက်

# မီဒီယာဥပဒေ ရှိသော်လည်း သတင်းသမားများကို နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေဖြင့် အရေးယူသောကြောင့် သတင်းသမားများက ဆန္ဒဖော်ထုတ်




စက်တင်ဘာ ၁၉၊ ၂၀၁၈

သတင်းသမားများအတွက် သတင်းမီဒီယာဥပဒေကို သီးခြားပြဋ္ဌာန်းထားသော်လည်း ရိုက်တာသတင်းဌာနမှ သတင်းထောက် (၂) ဦးဖြစ်သော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား စက်တင်ဘာလ (၃) ရက်နေ့တွင် နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေဖြင့် အရေးယူလိုက်သောကြောင့် သတင်းမီဒီယာလောကကို ဖိနှိပ်သည်ဟု သတင်းသမားများ ယူဆသဖြင့် စက်တင်ဘာလ (၇) ရက်နေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ သတင်းသမားများနှင့် အရပ်ဖက်အဖွဲ့အစည်းများက လမ်းလျှောက်ဆန္ဒပြခဲ့ကြောင်း သိရသည်။

'ရိုက်တာသတင်းထောက် (၂) ယောက်ကို နိုင်ငံတော်လျှို့ဝှက်ဥပဒေနဲ့ ထောင်ချလိုက်တဲ့အပေါ်မှာ သတင်းထောက် (၂) ယောက်ကို ထောင်ချတာလို့ မခံယူပဲနဲ့ ထောင်ချမှုကိစ္စက သတင်းမီဒီယာလောကကို ခြိမ်းခြောက်တယ်လို့ ကျွန်တော်တို့ မီဒီယာတွေ ခံယူတဲ့အတွက် အခုလို ဆန္ဒပြခြင်း ဖြစ်ပါတယ်' ဟု ဆန္ဒပြပွဲဦးဆောင်သူ ရောဝတီသတင်းထောက် ဆရာညဏ်စိုးဝင်းက ဆိုသည်။

အဆိုပါဆန္ဒပြမှုတွင် ဖမ်းဆီးခံသတင်းသမားများ အမြန်လွှတ်၊ သတင်းမီဒီယာဖိနှိပ်မှု ချက်ချင်းရပ်၊ လွတ်လပ်စွာ သတင်းအချက်အလက်ရရှိရေး ဒို့အရေး ဟူသော ကြွေးကြော်သံဖြင့် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဘိုးဘွားရိပ်သာဆိုင်ရှေ့မှစ၍ ကျိုက်သုတ်စေတီတော်အထိ သတ်မှတ်လမ်းကြောင်းအတိုင်း ချီတက်ဆန္ဒထုတ်ဖော်ခဲ့သည်။

ထို့အပြင် မွန်ပြည်နယ်အခြေစိုက် သံလွင်တိုင်းဂျာနယ်တိုက်မှ အယ်ဒီတာချုပ် ဦးကိုကိုဇော်က 'ရိုက်တာသတင်းထောက် (၂) ဦး အရေးယူခံရတဲ့အပေါ် ကျွန်တော်တို့ ဖြစ်ချင်တာက သတင်းသမားတယောက်ကို အရေးယူမယ်ဆို သတင်းမီဒီယာအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေရှိတယ်။ သတင်းမီဒီယာဥပဒေနဲ့ အရေးယူမှသာ သင့်တော်မယ်လို့ ယူဆတယ်။ ဒီဥပဒေကလဲ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေပဲ။ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို မသုံးပဲနဲ့ လိုရာဥပဒေကို သုံးပြီးတော့ အရေးယူတယ်ဆိုတာ သတင်းလောကတစ်ခုလုံးကို ခြိမ်းခြောက်လိုက်တဲ့ သဘောပဲ' ဟု ပြောပါသည်။

လူတစ်ဦးချင်းစီ၏ အခွင့်အရေးဖြစ်သော လွပ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း ဦးကိုကိုဇော်က ထပ်လောင်းပြောဆိုသည်။

'အခြေခံဥပဒေအရ ပြောဆိုပိုင်ခွင့်၊ သတင်းအချက်အလက်ရယူပိုင်ခွင့်ရှိတယ်။ ဒါကအခြေခံဥပဒေမှာ တရားဝင်ပေးထားတဲ့ဟာ။ အဲဒီအပေါ်မှာ အခြေမခံဘဲနဲ့ အခုလိုမျိုး အရေးယူလိုက်တဲ့ဟာကျတော့ သတင်းသမား တွေအတွက် စိန်ခေါ်မှုအကြီးကြီး ဖြစ်သွားတယ်။ သတင်းမီဒီယာလောကအတွက် စိုးရိမ်စရာတွေ ရှိလာတယ်' ဟု ဦးကိုကိုဇော်က ပြောဆိုသည်။

သတင်းသမား တစ်ယောက်သည် သတင်းဖြစ်စဉ်အပေါ် မူတည်ပြီး သတင်းအချက်အလက် စုဆောင်းခြင်း၊ သတင်းရေးသားထုတ်ဖော်ခြင်းကို ပြုလုပ်နိုင်ကြောင်း မီဒီယာဥပဒေတွင် ပြဋ္ဌာန်းထားသည်ဟု ဆရာညဏ်စိုးဝင်းက ပြောသည်။

'အခုလိုမျိုး သတင်းသမားတွေကို နိုင်ငံတော်ဥပဒေနဲ့ ထောင်ချတဲ့လုပ်ရပ်မျိုးကို လုပ်လိုက်တော့ သတင်းလွတ်လပ်ခွင့်က အမှောင်ချခံလိုက်ရတယ်။ အများပြည်သူသိရှိပိုင်ခွင့်ရှိတဲ့ အခြေခံသတင်း လွတ်လပ်ခွင့်ဆိုတာ ဒီမိုကရေစီနိုင်ငံမှာဆိုရင် အဓိကအရေးပါတဲ့အချက် ဖြစ်တယ်။ သတင်းလွတ်လပ်ခွင့်မရှိဘူးဆိုရင် ဒီမိုကရေစီဆိုတဲ့ နိုင်ငံတစ်ခုဟာ မအောင်မြင်နိုင်ဘူး' ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

ယင်းကိစ္စကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် အရပ်အဖက်အဖွဲ့အစည်းများ စုပေါင်းပြီး လူဦးရေ အယောက် (၇၀) ကျော်ခန့် လမ်းလျှောက်ဆန္ဒပြခဲ့ကြောင်း သိရသည်။

> "ပြဋ္ဌာန်းထားတဲ့ ဥပဒေကို မသုံးပဲနဲ့ လိုရာဥပဒေကို သုံးပြီးတော့ အရေးယူတယ်ဆိုတာ သတင်းလောကတစ်ခုလုံးကို ခြိမ်းခြောက်လိုက်တဲ့ သဘောပဲ"

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# မိုးရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီးသွားသော မိုးစပါးများအား ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်သူများ အခက်အခဲဖြစ်နေ



စက်တင်ဘာ ၆၊ ၂၀၁၈

ပြီးခဲ့သည့် ဇူလိုင်လအတွင်း မွန်ပြည်နယ်တွင် မိုးကြီးမှုကြောင့် နစ်မြုပ်ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအား အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အစိုးရက စပါးစိုက်တောင်သူများအား ငွေကြေးနှင့် မျိုးစပါးများကို ထောက်ပံ့ပေးထားသော်လည်း တောင်သူများအနေဖြင့် ပြန်လည်စိုက်ပျိုးရန် အခက်အခဲဖြစ်နေ ကြောင်း သတင်းရရှိသည်။

ကျိုက်မရောမြို့နယ်၊ နိတုံကျေးရွာမှ စပါးစိုက်တောင်သူ နိုင်ကျပ်က 'ဦးတို့ဘက်မှာ ရေကြီးလို့ မိုးဦးစပါးတွေ အကုန်လုံးနီးပါး ပျက်စီးကုန်တယ်။ အခုအချိန်ထိ ရေမကျရသေးလို့ ဦးတို့က မျိုးစပါးတွေ ချလို့မရဘူး။ ရေကျတဲ့အချိန်ထိ စောင့်မယ်ဆိုရင်လည်း တော်သတင်း၊ သီတင်းကျွတ်လရောက်သွားမယ်။ အဲဒီအချိန်ကျရင် မိုးလဲကုန်ခါနီးပြီး၊ မျိုးစပါးတွေ ရှင်သန်ဖို့ အတွက် မြစ်ရေကို အသုံးပြုရမယ်' ဟု ဆိုသည်။

နောက်ကျမှ စပါးစိုက်ပျိုးရသည့်အတွက် ရေအခက်အခဲရှိသည့်အပြင် ရေရရှိရေးအတွက် မြစ်မှ စပါးစိုက်ခင်းအထိ ပိုက်များသွယ်တန်းပြီး စက်ယန္တရားဖြင့် မောင်းနှင်ရသည့်အတွက် တောင်သူများအနေဖြင့် ငွေကြေးအရင်းအနှီး ကုန်ကျမှု ပိုမိုများပြားလာနိုင်ကြောင်း စပါးစိုက်တောင်သူ ဒေါ်စိန်သန်းက ပြောသည်။

'ကြီးတို့ဘက်မှာ ဒီစိုက်ပျိုးရေးနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုကြတယ်။ စပါးအထွက်နှုန်းမကောင်းရင် အများကြီးဒုက္ခရောက်နိုင်တယ်။ အဲဒီအတွက်ကြောင့် ရတဲ့နည်းနဲ့ပဲ ရှန်းကန်ကြရမယ်ဆိုတော့ ကုန်ကျစရိတ်တွေ များမယ်ပေါ့။ များလည်း မတတ်နိုင်ဘူး စပါးထွက်ဖို့ပဲ အရေးကြီးတယ်။ ဒါပေမယ့် ငွေကြေးမတတ်နိုင်တဲ့သူတွေဆို ပိုပြီး ခက်ခဲမယ်' ဟု ဒေါ်စိန်သန်းက ဆက်ပြောသည်။

ယခုနှစ်အတွက် စပါးစိုက်တောင်သူများအနေဖြင့် အရင်းအနှီးကုန်ကျစရိတ် ပိုများလာနိုင်သည့်အတွက်ကြောင့် အကျိုးအမြတ်မရနိုင်သည့်အပြင် အရှုံးပေါ်လာနိုင်မည်ကို စိုးရိမ်နေကြကြောင်း တောင်သူများထံမှ သိရသည်။

မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးသွားသော မိုးစပါးများကို ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အစိုးရက တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်း (သို့မဟုတ်) ငွေ ၈၅၀၀ ကျပ်နှုန်းဖြင့် သတ်မှတ်ကာ ထောက်ပံ့ကြေးပေးမည်ဟု ဆိုသော်လည်း တစ်ချို့ဒေသများတွင် ထောက်ပံ့မှု မရရှိသေးကြောင်း သိရသည်။

'ဆရာတို့က ထိခိုက်ကေတော့ မပေးဘူး။ လုံးဝပျက်စီးသွားတဲ့ ကေပဲ ထောက်ပံ့ကြေးပေးမှာဖြစ်တယ်။ အခုချိန်မှာ ပေးပြီးသလောက်တော့ ပေးပြီးသွားပြီ။ တစ်ချို့ ကျန်နေတဲ့ ဒေသတွေမှာ ပေးသွားဖို့ မွန်ပြည်နယ်ဝန်ကြီးချုပ်မှာ ငွေသိန်း တစ်ထောင် ထပ်တောင်းထားပါတယ်။ အဲဒီငွေ ရတာနဲ့ ကျန်တဲ့ကျေးရွာတွေမှာ ဒုတိယအကြိမ်အနေနဲ့ ပေးသွားဖို့ရှိပါတယ်' ဟု မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကြည်စိုးက ပြောသည်။

အလားတူ ယခုနှစ် ရေကြီးမှု အများဆုံးဖြစ်ပွားသော ဘီလင်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၂၄) စုတွင် မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဩဂုတ်လ (၁၄) ရက်နေ့က သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ငွေကျပ် သိန်းတစ်ထောင်ခန့် ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း အဆိုပါဌာနမှ လက်ထောက်ဦးစီးမှူး ဦးနေမျိုးသူထံမှ သိရသည်။

'ဦးတို့ရွာမှ ထောက်ပံ့ကြေး မရသေးဘူး။ ဦးတို့က စပါးပြန်စိုက်ဖို့အတွက် အဆင်မပြေဘူး။ ဘာလို့လဲဆိုတော့ ပြန်စိုက်ဖို့အတွက် ဦးတို့ အချိန်မမီတော့ဘူး။ နောက်ပြီး ဒီမှာက ရေရဖို့အတွက် ဆည်မြောင်းလဲမရှိဘူး။ အခက်အခဲတွေအများကြီးရှိတယ်။ အဲဒါကြောင့်မို့ ဦးတို့က ဒီနှစ် စပါးမစိုက်ဖြစ်တော့ဘူး' ဟု ဘီလင်းမြို့နယ်၊ မဲနှစ်ကောင်ကျေးရွာမှ ဦးလှအောင်က ဆိုသည်။

ယင်းအပြင် လက်ရှိအချိန်တွင် မျိုးစပါးများ ဝယ်ယူရန် အခက်အခဲရှိနေသည့်အတွက် စပါးပြန်လည်စိုက်ပျိုးရန် အစီအစဉ်မရှိကြောင်း ဦးလှအောင်က ဆက်ပြောသည်။

'ဆရာတို့အနေနဲ့ တောင်သူတွေ စပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် ရက်ပေါင်း (၉၀) မျိုးစပါးတွေ ရရှိဖို့အတွက် ကုမ္ပဏီနဲ့ အကျိုးဆောင်လုပ်ပေးမယ်။ နောက်ပြီး တောင်သူတွေ လိုအပ်တဲ့ နည်းပညာတွေလည်း ပညာပေးမှုတွေ ပြုလုပ်ပေးတယ်' ဟု သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးနေမျိုးသူက ပြောပါသည်။

ယခုနှစ် မွန်ပြည်နယ်တွင် ရေကြီးမှုကြောင့် ရေနစ်မြုပ်သွားသော မိုးစပါး ဧက (၆၆, ၆၈၅) ဧကရှိသည့်အနက် ဧက (၂၆, ၄၉၂) ဧကမှာ လုံးဝပျက်စီးဆုံးရှုံးသွားကြောင်း မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနထံမှ သတင်းရရှိသည်။

• • •

# မော်လမြိုင်စည်ပင်သာယာရေးဌာနက လယ်ယာမြေများကို ခြံခတ်ရန် ကြိုးပမ်းနေ



စက်တင်ဘာ ၂၈၊ ၂၀၁၈

၂၀၁၈ ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ သာယာအေးရပ်ကွက်မှ ဒေသခံလယ်သမား (၂၃) ဦး ပိုင်ဆိုင်သော လယ်မြေဧက (၂၃၅) ဧကကို မော်လမြိုင်စည်ပင်သာယာရေးဌာနက ခြံခတ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါလယ်မြေများကို ၁၉၉၉ ခုနှစ်ကတည်းက သိမ်းဆည်းခဲ့ခြင်း ဖြစ်သော်လည်း စီမံကိန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသဖြင့် မူလပိုင်ရှင်လယ်သမားများက ဆက်လက်လုပ်ကိုင်နေကြသည်။ သို့သော် ယခုအချိန်တွင် သိမ်းဆည်းခံလယ်မြေများကို လယ်သမားများအား လုပ်ကိုင်ခွင့်မပေးဘဲ အပြီးအပိုင်သိမ်းယူရန်အတွက် မော်လမြိုင်စည်ပင်သာယာရေးဌာနက အဆိုပါမြေများကို ခြံခတ်ရန် လုပ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ လယ်သမားများအနေဖြင့် အဆိုပါလုပ်ရပ်ကို ကန့်ကွက်သွားမည်ဖြစ်ကြောင်း သိရသည်။

'ကျွန်တော်တို့ နှစ်တိုင်းပြေစာထွက်တယ်။ ဒါပေမယ့် ဒီနှစ်ကျတော့ ကျွန်တော်တို့က လယ်မြေတွေကို ကျူးကျော်ထားတယ်ဆိုပြီးတော့ မြေစာရင်းက လက်ရေးနဲ့ စာထုတ်လာတယ်။ အဲစာကို ဖတ်ပြီး ကျွန်တော်တို့က စိုးရိမ်လာတော့ မြေစာရင်းဌာနကို သွားမေးတယ်။ ဌာနကတော့ အထက်ကအမိန့်အတိုင်း လုပ်တာပါဆိုပြီး ပြောတယ်။ ကျွန်တော်တို့က ဒီမြေပေါ်မှာ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာတာ။ ဒါကို စည်ပင်က အခုခြံခတ်တော့မှာ။ ဒီအကြောင်းကို သိသိချင်း လယ်သမားတွေ ကတော့ ကန့်ကွက်တာပဲ'ဟု ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးခင်မောင်ငြိမ်းက ပြောပါသည်။

မော်လမြိုင်စည်ပင်သာယာရေးဌာနအနေဖြင့် အဆိုပါလယ်မြေများကို သိမ်းယူရာတွင် မြေသိမ်းဥပဒေအတိုင်း လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း မွန်ပြည်နယ်လွှတ်တော်က စစ်ဆေးတွေ့ရှိထားသည်။ ယခုမြေယာအငြင်းပွားမှုကိစ္စကို မွန်ပြည်နယ်လွှတ်တော်က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေး ဗဟိုကော်မတီထံသို့ ၂၀၁၈ ဧပြီလတွင် အစီရင်ခံတင်ပြထားကြောင်း သိရသည်။

'စည်ပင်က လယ်တွေကို ခြံခတ်တော့မယ်ဆိုတော့ ကျွန်တော်တို့မှာ အလုပ်လုပ်ရတာ မဖြောင့်တော့ဘူး။ မြေကို သိမ်းပြီးတော့လည်း သူတို့က ဘာမှလုပ်တာ မဟုတ်ဘူး။ သူတို့ကို ကန့်ကွက်မယ့် သူများတော့ ခြံခတ်မယ်ဝန်ထမ်းတွေက မခတ်ရဲဘဲ ပြန်သွားတယ်။ ဒါပေမယ့် တစ်နေ့နေ့တော့ ပြန်လာပြီး ဖျက်ဆီးသွားမှာပဲ' ဟု လယ်သမားတစ်ဦးဖြစ်သူ ဦးတင်အုန်းက ပြောပါသည်။

ဒေသခံလယ်သမားများက အဆိုပါ လယ်မြေများပေါ်တွင် လယ်စိုက်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အသက်မွေးမှုပြုလုပ်ကြောင်း၊ အချို့ လယ်သမားများအနေဖြင့် နေထိုင်စရာအိမ်မရှိသည့်အတွက် ၎င်းလယ်မြေပေါ်တွင်ပင် တဲထိုးကာနေထိုင်နေကြကြောင်း လယ်သမားတစ်ဦးဖြစ်သူ ဒေါ်သန်းငွေ၏ ပြောကြားချက်အရ သိရှိရသည်။

'စည်ပင်က ကျွန်မတို့ကို ကျူးကျော်တွေဆိုပြီးတော့ ကျွန်မတို့လယ်ကို သိမ်းချင်တာ။ တကယ်တော့ ကျွန်မတို့က (ကိုယ့်လယ်ပေါ်မှာ) ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတာပါ။ လယ်ကို ခြံခတ်လိုက်မယ်ဆိုရင် ကျွန်မတို့က ဘယ်သွားရမလဲ။ ကျွန်မတို့က ဒီလယ်မြေမှာပဲ လုပ်ကိုင်စားသောက်နေရတာလေ' ဟု ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဒေါ်ရင်သန်းက ပြောပါသည်။

ယခုလက်ရှိဖြစ်ပွားနေသော မြေယာအငြင်းပွားမှုကို မွန်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေးကော်မတီထံ တင်ပြထားကြောင်း သိရသည်။

'မြေသိမ်းပြီးတော့ စီမံကိန်းတွေ မလုပ်ဖြစ်ရင် သိမ်းထားတဲ့မြေတွေကို ပိုင်ရှင်ဆီ ပြန်ပေးပြီး ဆုံးရှုံးသွားတဲ့ အလုပ်အကိုင်တွေအတွက် လျော်ကြေးပြန်ပေးရမယ်လို့ သမ္မတပြောတဲ့မိန့်ခွန်းမှာ ပါပါတယ်။ ဒါပေမယ့် အောက်ခြေကလူတွေက နားမထောင်ဘူး။ မွန်ပြည်နယ်မှာဆို မြေတွေ သိမ်းထားတာ အများကြီးပဲ။ ဒါပေမယ့် ဘယ်သူမှ ပြန်မစွန့်လွှတ်ဘူး' ဟု ဦးခင်မောင်ငြိမ်းက ပြောပါသည်။

မြေယာအငြင်းပွားမှုနှင့် ပတ်သက်၍ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သာယာအေးရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ဆက်သွယ်မေးမြန်းရာ ၎င်းအနေဖြင့် မြေသိမ်းမှုနှင့်ပတ်သက်၍ တစ်စုံတရာသိရှိထားခြင်း မရှိကြောင်း၊ လူအများ၏ ပြောစကားမှ တဆင့်သာ မြေအငြင်းပွားမှုအကြောင်းကို ကြားသိရခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

# (၁၅) နှစ်အရွယ် သမီးငယ်ကို ဖခင်အရင်းဖြစ်သူက အကြိမ်ကြိမ်အဓမ္မပြုကျင့်

ဩဂုတ် ၃၁၊ ၂၀၁၈

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ---ကျေးရွာတွင် အသက် (၁၅) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အသက် (၄၃) နှစ်အရွယ် ဖခင်အရင်းဖြစ်သူက အကြိမ်ကြိမ် အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့ကြောင်း အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က ပြောပါသည်။

မိန်းကလေးငယ်သည် ဩဂုတ်လ (၁၈) ရက်နေ့ ညနေ (၇) နာရီခန့်က အစ်မဖြစ်သူနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးထံ လာရောက်တိုင်ကြားခဲ့သည်ဟု ၎င်းက ပြောသည်။

တိုင်ကြားပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် တာဝန်ရှိ ရပ်မိရပ်ဖများက ပြစ်မှုကျူးလွန်သူ ဦး---ကို ဩဂုတ် (၁၉) ရက်နေ့ မနက်ပိုင်း၌ ဖမ်းဆီးရမိခဲ့ပြီး မုဒုံမြို့မရဲစခန်းတွင် (ပ) ၁၄၄၆ ။ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ (၃၇၆) အရ အမှုဖွင့် ဖမ်းဆီးခဲ့သည်။

'အဲဒီကလေးငယ်ရဲ့အမေက ပေါင်မြို့နယ် မုတ္တမကျေးရွာမှာ သွားအလုပ်လုပ်နေတယ်။ အခုချိန်ထိတော့ ပြန်မရောက်သေးဘူး။ မိဘတွေကမတတ်နိုင်တော့ ကလေးငယ်က ကျောင်းမနေရဘူး။ အခုကတော့ ကလေးက အစ်မနဲ့ အတူနေတယ်။ သူ့အမေက လောလောဆယ်ကတော့ ပြန်မရောက်သေးဘူး'ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က ဆိုသည်။

မိခင်ဖြစ်သူ ခရီးသွားနေစဉ်အတွင်း ဖခင်အရင်းက အရက်မူးယစ်လာပြီး ၎င်းနှင့်အတူ ညအိပ်နေရာ ညသန်းခေါင်အချိန်၌ အကြိမ်ကြိမ်အဓမ္မပြုကျင့်ခဲ့ကြောင်း ကျူးလွန်ခံရသူ မ---က ပြောသည်။

'တစ်လအတွင်း အဓမ္မပြုကျင့်တာ (၁၀) ကြိမ်လောက်ရှိတယ်။ အဖေက လုပ်ပြီးရင် သမီးကို တစ်ယောက်ကိုမှ ပြန်မပြောနဲ့၊ ပြန်ပြောရင်ဓားနဲ့ ခုတ်သတ်မယ်လို ခြိမ်းခြောက်တယ်။ သမီးကတော့ အဖေ့ကို ထောင်ကျစေချင်တယ်' ဟု မ---က ဆိုသည်။

ဖခင်ဖြစ်သူက အရက်မူးလာတိုင်း မိခင်ဖြစ်သူကို ရိုက်နှက်နှိပ်စက်နေသည့်အတွက် မိခင်ဖြစ်သူက ဆွေမျိုးများရှိရာ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၌ နေထိုင်နေရကြောင်း ၎င်းက ပြောသည်။

'အမေထွက်ပြေးတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ အခုသမီးတို့အိမ်မှာ အဖေရယ် သမီးနဲ့ ညီမလေး (၂) ယောက်ရှိတယ်။ အဖေကတော့ အရက်ပဲ သောက်နေတယ်။ ဘာအလုပ်မှမလုပ်ဘူး။ ညီမလေးတစ်ယောက်ကတော့ ဆွေမျိုးအိမ်မှာ လက်ဖက်ရည်ရောင်းရင် ကျောင်းတက်နေရတယ်။ အငယ်ဆုံး (၆) နှစ်ကတော့ အခုတော့ သမီးနဲ့အတူ အစ်မအိမ်မှာနေနေတယ်' ဟု ၎င်းက ဆိုသည်။

မိန်းကလေးငယ်သည် အိမ်၏ စားဝတ်နေရေးအတွက် အခြားသော အိမ်များတွင် နေ့စားအဖြစ် လုပ်ကိုင်နေရပြီး ဖခင်ဖြစ်သူ သောက်သည့် အရက်ကိုပါ ဝယ်ပေးနေရကြောင်း အိမ်နီးနားချင်းများက ပြောသည်။

'သူ့အဖေက တစ်ချိန်လုံး မူးနေတာ၊ ဘာမှအလုပ်မလုပ်ဘူး။ မိန်းမကို နှိပ်စက်တော့ (မိန်းမက) ထွက်ပြေးတယ်။ ဒီကလေးကိုလည်း အရက်ပေးဝယ်ခိုင်းတယ်။ ပေးဝယ်ခိုင်းလို့ နောက်ကျပြန်ရင်လည်း အိမ်ပြန်ရောက်တာနဲ့ ဒီကလေးမက အရိုက်ခံရပြန်တယ်' ဟု အိမ်းဘေးနားရှိ အမျိုးသမီးတစ်ဦးက ဆိုသည်။

ဖခင်ဖြစ်သူ၏ အဓမ္မပြုကျင့်မှုကို သည်းမခံနိုင်သည့်အခါတွင် အိမ်နီးနားချင်း အမျိုးသမီးတစ်ဦးနှင့် အစ်မဖြစ်သူအား ဖွင့်ပြောခဲ့ကြောင်း သိရသည်။

'ကျွန်မက လယ်ကွင်းမှာ ကန်စွန်းရွက်ခူးပြီး ပြန်လာတော့ အိမ်မှာ အိမ်ခေါင်းရင်းနားက ညီမလေးက ရှိနေတယ်။ သူကပြောတယ်၊ အဖေက သမီးကို အဲဒီလိုမျိုး လုပ်တယ်ပေါ့။ ကျွန်မကလည်း ချက်ချင်းပဲ အုပ်ချုပ်ရေးမှူးရုံးကို သွားပြီး တိုင်ခဲ့တယ်။ သူ့အမေကို ဖုန်းဆက်ပြီး ပြောထားတယ်။ အိမ်ကို ပြန်လာဖို့ ခုချိန်ထိ မရောက်သေးဘူး။ ညီမလေးကိုတော့ ကျွန်မအိမ်မှာ ထားမယ်။ အမှုပြီးတဲ့အထိ လုံခြုံဖို့အတွက် ထားသွားမယ်' ဟု အစ်မဖြစ်သူ ဒေါ်---က ပြောသည်။

အဓမ္မပြုကျင့်ခံခဲ့ရသော မိန်းကလေးငယ်ကို ဩဂုတ်လ (၂၀) ရက်နေ့တွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးစစ်ချက်များ ရယူခဲ့ကြောင်း၊ ဩဂုတ် (၂၁) ရက်နေ့တွင် ပြည်နယ်လူမှုဝန်ထမ်းရုံးက ထောက်ပံ့ကြေးများ လာရောက်ပေးအပ်ခဲ့ကြောင်း ၎င်းက ပြောသည်။

ဆေးစစ်တော့ သူကိုတော့ ဘာမှဆေးမထိုးခဲ့ဘူး။ ဆေးရုံက လူမှုဝန်ထမ်းရုံးက ဘာလုပ်မလဲတဲ့။ မွေးမြူရေးလုပ်ငန်းတွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် လုပ်မလားတဲ့။ ထောက်ပံ့ကြေးတွေ ပေးသွားမယ်။ အခက်အခဲကတော့ အမှုလိုက်ဖို့ ပိုက်ဆံမရှိဘူး။ ကိုယ်တို့က တစ်နေ့လုပ်မှ တစ်နေ စားရတယ်' ဟု အစ်မဖြစ်သူ ဒေါ်---က ပြောသည်။

> တစ်လအတွင်း
> အဓမ္မပြုကျင့်တာ
> ၁၀
> ကြိမ်လောက်ရှိတယ်။
> အဖေက လုပ်ပြီးရင်
> သမီးကို
> တစ်ယောက်ကိုမှ
> ပြန်မပြောနဲ့၊
> ပြန်ပြောရင်ဓားနဲ့
> ခုတ်သတ်မယ်လို ခြိမ်း
> ခြောက်တယ်။
> သမီးကတော့ အဖေ့ကို
> ထောင်ကျစေချင်တယ်

# ဘာမှ ထူးခြားမလာတော့ ဒီအတိုင်းပဲ နေလိုက်ကြတယ်

## (မြေသိမ်းခံရသူ ခြံရှင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

သို့

ဥက္ကဋ္ဌ
လယ်မြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက်
စုံစမ်းရေးကော်မရှင်
နေပြည်တော်

ရက်စွဲ၊ ၅ - ၈ - ၂၀၁၃၊

အကြောင်းအရာ။ ။ မတရားသိမ်းဆည်းခံရသောရာဘာခြံကို ပြန်လည်ရရှိလိုခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ [illegible]ကျေးရွာနေ [illegible]နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [illegible]ကိုင်ဆောင်သူပိုင်ဆိုင်သည့် ကျွန်မ၏ရာဘာခြံမြေဧက(၂၅)ဧက၊ ကွင်းအမှတ်([illegible]) အပိုင်းတွင်(၁၆)နှစ်သား စိုက်ပျိုးထားသော ရာဘာအပင်(၁၀၀၀)ရှိပြီး ၂၀၀၄ခုနှစ်တွင် အမှတ်(၃၁၅) တပ်ရင်း၊ အမြောက်တပ်၊ တပ်ရင်းမှူး-ဗိုလ်မှူးကြီးတင့်နိုင်မှ အတင်းအဓမ္မ သိမ်းဆည်းခံရပါသည်။ ၂၀၀၅ခုနှစ်မှစ၍ (၃)နှစ် အစေးလိုးခွင့်ကို အကြေးငွေပေးပြီး လိုးခွင့်ရခဲ့ပါ သည်။ ၂၀၀၈ခုနှစ်မှစ၍ ယနေ့အထိ လုံးဝခံစားခွင့်မရသည့်အတွက် ကျွန်မ၏မိသားစု စားဝတ်နေရေး အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၎င်းသိမ်းဆည်းခံရသော ရာဘာခြံအား ပြန်လည်ရရှိလိုပါသဖြင့် စုံစမ်းရေးကော်မရှင် လူကြီးမင်းများမှ ကူညီဆောင်ရွက်ပေးပါရန် လေးစားစွာ အသနားခံတင်ပြအပ်ပါသည်။

လ ([illegible]) [illegible]
၁၀/သဖရ(နိုင်)[illegible]
[illegible]ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်

မိတ္တူကို-
ဦးနိုင်ဦး - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ သံဖြူဇရပ်မြို့။
ဥက္ကဋ္ဌ - မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ သံဖြူဇရပ်မြို့။
လက်ခံ

စက်တင်ဘာ ၂၈၊ ၂၀၁၈

'(ခြံဝယ်ပြီးတော့) ရာဘာစီးတောင် သိပ်မခြစ်လိုက်ရပါဘူး၊ ၂၀၁၆ မှာ အမှတ် (၃၁၅) အမြောက်တပ်ရင်းက ကျွန်မတို့ကို ခေါ်ပြီး ခြံထဲမှာ ဆက်ပြီးတော့ အလုပ်လုပ်ချင်တယ်ဆိုရင် သူတို့ကို အခွန်ပေးရမယ်လို့ ပြောတယ်။ အဲအချိန် ကတည်းက (ခြံအသိမ်းခံရမှာကို) ကျွန်မတို့ က စိတ်ပူနေပြီ။ ကျွန်မတို့ခြံက တပ်ရင်းနဲ့ နီးနေတော့ အသိမ်းခံရမှာကို ကြောက်နေရတယ်။

ပထမနှစ်မှာတော့ (၂) သိန်း ကျော်ကျော် ပေးရတယ်။ နောက်နှစ်တော့ (၅) သိန်းအထိ တက်သွားတယ်။ ရှေ့နှစ်တွေမှာ ဘယ်လိုဆက်ဖြစ်မလဲ မသိတော့ အတော်လေးစိတ်ပူနေရတယ်။ ၂၀၁၈ မှာတော့ ခြံကို သိမ်းလိုက်ပြီလို့ စစ်တပ်က ပြောတယ်။ အကုန်ဒုက္ခရောက်ကုန်တာပေါ့။ အဲအချိန်ကစပြီးတော့ ခြံကို ပြန်ရဖို့ လုပ်လာခဲ့တယ်။ မွန်ပြည်နယ် (အစိုးရ) ကိုလည်း စာတင်တယ်။ နေပြည်တော်(ပြည်ထောင်စုအစိုးရ)ကိုလည်း စာတင်တယ်။ ဒါပေမယ့် ဘာမှ ထူးမလာပါဘူး။

ခြံကိုသိမ်းပြီးတော့ မကြာခင်မှာပဲ စစ်တပ်က ရာဘာပင်ကို ခုတ်လိုက်ပြီးတော့ ခြံကို တစ်ခြားတစ်ယောက်ကို ရောင်းလိုက်တယ်။ ဒီသတင်းကို ကြားတော့ စိတ်မကောင်းဘူး။ ဒါနဲ့ တစ်ခြား(ခြံအသိမ်းခံရ)သူတွေကို လိုက်စုပြီး ခြံပြန်ရဖို့ စုပေါင်းပြီး ကြိုးစားကြတယ်။ မွန်ပြည်နယ်လွှတ်တော်ကရော မြေယာ(စုံစမ်းစစ်ဆေးရေး)ကော်မရှင်ကရော ဘယ်သူမှ ကျွန်မတို့ကို မကူညီပါဘူး။ (၂) နှစ် (၃) နှစ်လောက် ကြိုးစားနေတာ အခုဆို ပိုင်ရှင်အသစ်က ကျွန်မတို့ခြံမှာ အပင်အသစ်တွေတောင် စိုက်နေပြီ၊ ကျွန်မတို့ခြံ ပြန်မရနိုင်တော့ဘူးဆိုတာ သဘောပေါက်သွားတယ်။ တော်တော်ခံစားရပါတယ်။ ကျွန်မတို့မှာ ဒီခြံတစ်ခုတည်းပဲ ရှိပါတယ်။ စားဝတ်နေရေး အကုန်ဒုက္ခရောက်တာပဲ။

ခြံပြန်ရဖို့ ဘယ်လိုပဲ ကြိုးစားကြိုးစား ဘာမှထူးမလာဘူး။ အခုဆို ခြံအသိမ်းခံရတဲ့သူတွေကိုလည်း လိုက်စုလို့ မရတော့ဘူး။ ကိုယ်ဖြစ်ကိုယ်ခံပဲ။ ဘာမှ ပြောလို့မရဘူး။ ခြံအသိမ်းခံရတော့ ကြုံရာလုပ်ကိုင်စားသောက်ရတာပဲ။ ဈေးဆိုင်သေးသေးလေး တစ်ခု ဖွင့်ထားတယ်။ ခြံမရှိတဲ့နောက်မှာ စားဝတ်နေရေးက ကြပ်တည်းလာတယ်။

ခြံပြန်ရဖို့ မဖြစ်နိုင်တော့ဘူး သိလိုက်ရတော့ အတော်လေး ဒုက္ခရောက်ပါတယ်။ ခြံရှိတုန်းကဆို ငွေအတွက် ဘာမှမပူရဘူး။ တစ်ရက်တစ်ရက်ကို သောင်းဂဏန်းလောက် အမြဲဝင်တယ်။ ခြံမရှိတဲ့ နောက်စားဖို့သောက်ဖို့ ရုန်းကန်နေရတာပဲ။ စိတ်ကညစ်တော့ ရောဂါလည်း ဝင်လာတာပဲ။

ကျွန်မတို့ အတိတ်ကံ မကောင်းခဲ့လို့ အခုလိုခံစားနေရတယ်။ အခုဆို အကုန်လုံးက (ခြံပြန်ရဖို့ကို) လက်လျှော့လိုက်ကြပြီ။ ခြံပြန်ရအောင် လုပ်မယ်လို့ ဘယ်သူမှ မပြောတော့ဘူး။ ခြံပြန်ရဖို့ ငွေတော်တော်များများ သုံးခဲ့ပြီးပြီ။ ဘာမှ ထူးခြားမလာတော့ ဒီအတိုင်းပဲ နေလိုက်ကြတယ်။

ကျွန်မတို့ခြံကို သိမ်းတာက စစ်တပ်ဆိုတော့ ပြန်ရဖို့ လမ်းမရှိတော့ပါဘူး။ ယုံကြည်ချက်လည်း မရှိတော့ပါဘူး။ တကယ်လို့ ရာဘာပင်တွေ မပါဘဲ ခြံမြေသက်သက် ပြန်ရရင်တောင် ကျွန်မတို့ ကျေနပ်ပါတယ်။ မြေသာရပါစေ၊ ခြံပြန်စိုက်လို့ရတယ်။ ဒါပေမယ့် ခြံပြန်ရဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။'

# ခနောက်စိမ်းစက်ရုံ ပိတ်သိမ်းပေးရေး ဒေသခံ ၂၀၀ ကျော် ဆန္ဒပြတောင်းဆို

ဇူလိုင် ၂၃၊ ၂၀၁၈

မွန်ပြည်နယ်၊ မော်လမြိုင်စက်မှုဇုန်နယ်မြေအတွင်းရှိ စမ်းသပ်လည်ပတ်ခွင့် ပေးထားသော ခနောက်စိမ်းစက်ရုံ (၂) ရုံမှ အနံ့ဆိုးများထွက်ရှိနေသဖြင့် ဒေသခံပြည်သူများ ကျန်းမာရေး ထိခိုက်နိုင်သည့်အတွက် ယင်းစက်ရုံများကို ပိတ်သိမ်းပေးရန် ဇူလိုင် (၂၂) ရက်က စက်မှုဇုန်နယ်မြေတွင် ဒေသခံ အယောက် ၂၀၀ ခံ ဆန္ဒပြ တောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

ယင်းစက်ရုံများမှ အနံ့ဆိုး ထွက်ရှိနေကြောင်းကို မွန်ပြည်နယ်အစိုးရထံ တင်ပြထားသော်လည်း အကြောင်းတစ်စုံတစ်ရာ ထူးခြားမှု ရှိမလာသည့်အတွက် ဆန္ဒပြတောင်းဆိုခဲ့ရခြင်း ဖြစ်သည်ဟုဆိုသည်။ ဆန္ဒပြနေစဉ် စုပေါင်းလက်မှတ်များ တစ်ပြိုင်နက်တည်းကောက်ယူပြီး (၁၀) ရက်အတွင်း နိုင်ငံတော်သမ္မတထံ တင်ပြရန် အစီအစဉ်ရှိကြောင်း ဆန္ဒပြပွဲမှ ပြန်ကြားရေးတာဝန်ခံ ဦးဇော်ဇော်ဟန်က ပြောသည်။

'ကျွန်တော်တို့ ဒေသခံတွေ ဒီအနံ့ကို အလွန်အကျွံခံစားနေရတယ်။ ကျန်းမာရေးလည်း ထိခိုက်နေတဲ့ အနေအထားမျိုးမှာရှိတယ်။ ဒီနားပတ်ဝန်းကျင်လူတွေက တော်တော်နံနေတာကို အစိုးရက မနံပါဘူး၊ စက္ကန့်ပိုင်းလောက်သာ နံပါတယ်တဲ့။ အဲဒီတော့ ကျွန်တော်တို့ပြည်သူတွေ ပြည်နယ်အစိုးရကို ပြောလို့မရတဲ့အတွက်ကြောင့် ဆန္ဒထုတ်ဖော်တယ်။ ဖော်ထုတ်ပြီးရင် နိုင်ငံတော်သမ္မတသိအောင် လက်မှတ်ကောက်ပြီး တင်ပြသွားမယ်' ဟု ဦးဇော်ဇော်ဟန်က ပြောသည်။

ယင်းခနောက်စိမ်းစက်ရုံနှစ်ရုံမှ ထွက်ရှိသော အနံ့သည် အက်ဆစ်အနံ့နှင့် ကြက်ဥပုပ်နံ့နှင့် တူနေကြောင်း၊ အဆိုပါအနံ့ကိုရှူရှိုက်မိပါက အာခေါင်ခြောက်လာခြင်း၊ မူးဝေလာခြင်း၊ လှိုက်တက်လာခြင်းစသည်တို့ ခံစားရသည့်အပြင် ရေရှည်တွင် ပြည်သူများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ ၎င်းပြင် စက်ရုံမှ စွန့်ပစ်သော ရေဆိုးများကြောင့် အနီးအနားရှိ လယ်ယာမြေများ ပျက်စီးနေသဖြင့် စက်ရုံကို ပိတ်သိမ်းပေးရေး ဒေသခံပြည်သူများက ဆန္ဒပြတောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြပွဲတွင် အနံ့ဆိုးထွက်ကျောက်မီးသွေးသုံး ခနောက်စိမ်းစက်ရုံ အလိုမရှိ၊ ခနောက်စိမ်း သတ္တုသန့်စင်စက်ရုံကို လည်ပတ်ခွင့်ပြုသော တာဝန်ရှိသူများ အဂတိကင်းရှင်းမှုရှိ၊ မရှိ ဖော်ထုတ်စစ်ဆေး အရေးယူပေးရေး စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။

'ဒီအနံ့က တော်တော်လည်း ထူးခြားတဲ့အနံ့မျိုး။ အဲဒီအနံ့ရှူမိရင် အာခေါင်ခြောက်တယ်။ စက်မှုဇုန်ဆိုတော့ အနံ့ပေါင်းစုံရှိတယ်။ ဒါပေမယ့် သူ့လိုမျိုး မသွားဘူး။ ခံနိုင်ကြတယ်။ အစိုးရအနေနဲ့ အနံ့တိုင်းတာတာကို မီးခိုးခေါင်းတိုင်မှာ မတိုင်းဘဲ အပြင်မှာ ဒီတိုင်းလာချပြီး တိုင်းသွားတာကို တွေ့ရတယ်' ဟု ဆန္ဒပြပွဲဦးဆောင်သူ ဦးဇော်နိုင်က ဆိုသည်။

ထို့အပြင် ဒေသခံပြည်သူများ အနေဖြင့် ခနောက်စိမ်းစက်ရုံသို့ သွားရောက်ကြည့်ရှုရာတွင် စက်ရုံအတွင်းဘက်သို့ ရောက်ပါက မည်သည့်အနံ့မှ မရရှိဘဲ စက်ရုံနှင့် အလှမ်းဝေးသည့်နေရာ ရောက်မှသာ အနံ့ရခံစားနေရသည့် ဒေသခံများအတွက် ကန့်ကွက်ရာတွင် အဟန့်အတား ရှိနေသည် ဟု ၎င်းက ဆိုသည်။

'ဒီခနောက်စိမ်းစက်ရုံမှာ စက်မှုဇုန်မှာမရှိစေချင်ဘူး အမှန်ပြောရရင်။ အစိုးရတွေကပြောတယ်၊ စမ်းသပ်လည်ပတ်ခွင့်တဲ့ စမ်းသပ်လည်ပတ်ခွင့် (၆) လရှိနေပြီး ပြည်သူတွေလဲ အတော်ခံစားနေရတယ်။ အရင်အစိုးရကဆို ကျွန်တော်တို့ တင်ပြပြီး (၄) ရက်လောက်ဆို စက်ရုံကို ပိတ်သိမ်းလိုက်တယ်။ အခုကျွန်တော်တို့ တင်ပြတာ (၆) လရှိပြီး ဘာမှလဲ ထူးခြားတာမရှိဘူး' ဟု ဦးဇော်ဦးက ဆိုသည်။

မွန်ပြည်နယ်အစိုးရအနေဖြင့် ခနောက်စိမ်းစက်ရုံကို စမ်းသပ်စက်ကိရိယာဖြင့် လာရောက်စမ်းသပ်ခဲ့ရာ သတ်မှတ်ချက်ကိုကျော်လွန်နေသော်လည်း အစိုးရဘက်က ၎င်းအချက်ပြမှုသည် သတ်မှတ်ချက် ကျော်လွန်သည်ဟု ယူဆ၍ မရကြောင်း ပြောဆိုခဲ့သည်ဟု ဦးဇော်ဇော်ဟန်ထံမှ သိရသည်။

'ဒီအစိုးရလက်ထက်ကျမှ စက်ရုံဘက်ကို cover လုပ်ပြီး ပြောနေတာကို တွေ့ရတယ်။ ပြည်သူဘက်ကနေ ခံစားပြီး ပြောပေးတာမရှိပါဘူး' ဟု ၎င်းကဆက်ဆိုသည်။

ဒေသခံပြည်သူများ၏ တင်ပြခြင်း၊ တိုင်တန်းခြင်းနှင့်ပတ်သက်၍ ခနောက်စိမ်းစက်ရုံသို့ စက်ကိရိယာဖြင့် (၂) ကြိမ် သွားရောက်စမ်းသပ်ခဲ့သည်။ ယင်းစမ်းသပ်ချက်၏ ရလာဒ်ကို မွန်ပြည်နယ်အစိုးရထံ တင်ပြထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောကြားသည်။

စမ်းသပ်ချက်အရ ဆာလဖာတိုင်အောက်ဆိုက်သည် သတ်မှတ်ချက်ထက် တစ်ခါတစ်လေ ကျော်လွန်နေခြင်းကို တွေ့နေရကြောင်း၊ သို့သော် အချိန်တိုင်း ကျော်လွန်နေခြင်းမဟုတ်ဘဲ မြင့်တက်လိုက်၊ ပြန်ကျလိုက်ဖြစ်နေသည့်အတွက် အန္တရာယ် သိပ်မရှိနိုင်ကြောင်း ၎င်းက သုံးသပ်ပြောဆို သည်။

'အနံ့ဆိုးထွက်တာကတော့ တိုက်ရိုက် (၂၄) နာရီ အနံ့ရတာ မျိုးမဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း သွားပြီး အနံ့သွားခံတယ်။ လေဖြတ်သွားရင်တော့ တစ်ချက်တစ်ချက် ထူးခြားတဲ့အနံ့မျိုးတော့ရတယ်' ဟု မွန်ပြည်နယ်အစိုးရအဖွဲ့မှ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ဆိုသည်။

လက်ရှိတွင် အဆိုပါ ခနောက်စိမ်းစက်ရုံမှ ထွက်ရှိသော လေထုညစ်ညမ်းမှုများကို ပြန်လည်ထိန်းသိမ်းနိုင်သည့် အဆင့်မြင့်စက်ရိယာ တပ်ဆင်ရန် ညွှန်ကြားထားကြောင်း ၎င်းထံမှ သိရသည်။

> ကျွန်တော်တို့ ဒေသခံတွေ ဒီအနံ့ကို
> အလွန်အကျွံ ခံစားနေရတယ်။
> ကျန်းမာရေးလည်း ထိခိုက်နေတဲ့
> အနေအထားမျိုးမှာ ရှိတယ်။
> ဒီနားပတ်ဝန်းကျင်လူတွေက
> တော်တော်နံနေတာကို အစိုးရက မနံပါဘူး၊
> စက္ကန့်ပိုင်းလောက်သာ နံပါတယ်တဲ့။
> အဲဒီတော့ ကျွန်တော်တို့ပြည်သူတွေ
> ပြည်နယ်အစိုးရကို
> ပြောလို့မရတဲ့အတွက်ကြောင့်
> ဆန္ဒထုတ်ဖော်တယ်။

# မော်လမြိုင်မြို့တွင် လုယက်မှုများ မကြာခဏဖြစ်ပွားနေသောကြောင့် သွားရေးလာရေး လုံခြုံမှုမရှိဟု ပြည်သူများပြောဆို

စက်တင်ဘာ ၁၃၊ ၂၀၁၈

မော်လမြိုင်မြို့သည် မွန်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး လူဦးရေ ထူထပ်များပြားသော မြို့တစ်မြို့လည်း ဖြစ်သည်။ လက်ရှိတွင် မော်လမြိုင်မြို့တွင် လုယက်မှုများ မကြာခဏ ဖြစ်ပွားနေသောကြောင့် လမ်းသွားလမ်းလာပြည်သူများနှင့် ညအချိန် ကျူရှင်တက်နေရသော ကျောင်းသူ၊ ကျောင်းသားများအတွက် သွားလာရေး လုံခြုံမှုမရှိကြောင်း ပြည်သူများထံမှ သတင်းရရှိသည်။

‘ကိုယ်ကတော့ အလုမခံရသေးဘူးပေါ့နော်။ ဒါပေမယ့် လုယက်မှုတွေ ခဏခဏကြားနေတော့ ကိုယ်လည်း အပြင်မထွက်ရဲဘူး။ တစ်ယောက်တည်း သွားလာရတဲ့အခါ အရမ်းကိုကြောက်ရတယ်။ ကိုယ့်ကိုကိုယ် လုံခြုံမှုမရှိဘူး။ ပြောချင်တာက ဒီလိုဖြစ်နေတဲ့အခါကျတော့ ညီမတို့က ဒီလိုပဲရှောင်ဖယ်နေရတော့မှာလားပေါ့နော်။ နောက်တစ်ခုက ဒီမြို့မှာ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ဖို့ လိုနေပြီလို့ ပြောချင်တယ်’ဟု တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သူ မမေကြူသက်ထားက ဆိုသည်။

လုယက်မှုအများဆုံးဖြစ်လေ့ရှိသော နေရာများမှာ မော်လမြိုင်မြို့၏ အထင်ကရနေရာများဖြစ်သော တောင်ပေါ်လမ်း၊ တောင်ဝိုင်းလမ်း(တက္ကသိုလ်လမ်း)၊ လေယာဉ်ကွင်းလမ်းထောင့်၊ မြိုင်သာယာနှင့် ကျိုက်သုတ်ဘုရားလမ်းများ ဖြစ်သည်။

ထို့အပြင် လူအသွားအလာ ပြတ်သောနေရာများ၊ လမ်းမီးမရှိသဖြင့် မှောင်ရိပ်ကျသော နေရာများတွင်လည်း မကြာခဏ လုယက်မှုခံနေရသည်ဟု ကြားသိနေရကြောင်း တက္ကသိုလ် ကျောင်းသားတစ်ဦးဖြစ်သူ မောင်ကျော်ဇင်ဦးထံမှ သိရသည်။

‘လုယက်မှုခံရတဲ့သူတွေကတော့ ယောကျ်ားလေးတွေ အဖြစ်များတယ်။ ဘာလို့လဲဆိုတော့ ကျောင်းသားအဆောင်က ည (၉) နာရီမှ ပိတ်တယ်ဆိုတော့ အဆောင်မပိတ်ခင်မှာတော့ ယောကျ်ားအများစုက လမ်းမှာပဲရှိကြတာ များတယ်။ တစ်ချို့ကျတော့ သူတို့အတွဲနဲ့(သမီးရည်းစား) ညဘက်အပြင်ထွက်ပြီး အပြန်မှာ မိန်းကလေးရဲ့ဆွဲကြိုးလုယက်ခံရတယ်။ တစ်ချို့ကျတော့ ဓားနဲ့ခြိမ်းခြောက်ခံရပြီး ဆိုင်ကယ်ပေးလိုက်ရတာလည်း ရှိတယ်။ နောက်ပြီး ဆိုင်ကယ်နဲ့အနောက်ကနေလိုက်လာပြီး ပိုက်ဆံအိတ်တွေ၊ ဖုန်းတွေ လုပြီး ဆိုင်ကယ်မောင်းပြေးသွားတာကိုလည်း ကြားနေရတယ်’ ဟု ၎င်းကဆိုသည်။

လုယက်မှုအများဆုံးဖြစ်သော တောင်ဝိုင်းလမ်း(တက္ကသိုလ်လမ်း)တွင် ယခင်က လမ်းမီးမရှိဘဲ မှောင်မဲနေသည့် အတွက် လုယက်မှုများ မကြာခဏဖြစ်ပေါ်နေသဖြင့် သာသနာ့နွယ်ဖောင်ဒေးရှင်းက တစ်နိုင်တစ်ပိုင် လမ်းမီးတပ်ဆင်ပေး ထားခဲ့ရကြောင်း သိရသည်။

‘အခုလိုမျိုး လုယက်မှုတွေ ဖြစ်ပေါ်နေတာဟာ လုံခြုံမှုအပိုင်းမှာလည်း အားနည်းတယ်။ နောက်တစ်ခုက ဖြစ်လာပြီးဆိုရင် တိုင်ချက်ဖွင့်တဲ့နေရာမှာလည်း ထိထိရောက်ရောက် မဖြစ်နေသေးဘူး။ အဖက်ဖက်ကပါပဲ။ နောက်တစ်ခု လူတွေဘာကြောင့် လုယက်ကြသလဲဆိုတော့ လုယက်ပြီးတော့ ဘယ်သူမှ ထောင်ထဲမဝင်ဖြစ်ဘူး။ စားဝတ်နေရေး အရမ်းကြီး မပြေလည်တဲ့သူတွေကျတော့ ခဏတာဖြေရှင်းမှုကို လုယက်မှုကနေပဲ စလုပ်ခဲ့ရတယ်။ ဒါကလည်း ဆိုးဝါးတဲ့ အခြေအနေမှာရှိတယ်’ ဟု မေတ္တာဆုံစည်းအဖွဲ့မှ ညှိနှိုင်းရေးမှူး ဒေါ်သီသီနွယ်က ပြောသည်။

ပစ္စည်းအလုယက်ခံရသူ တစ်ဦးဦးက နီးစပ်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားလိုက်ပြီဆိုပါက ရဲစခန်း၏ လုပ်ထုံးလုပ်နည်းအတိုင်း လုယက်သူအား ဖမ်းဆီးပေးရန်အတွက် သက်သေအထောက်အထားများကို အသေးစိတ်မေးမြန်းလာသည့်အခါ ရုတ်တရက်လာရောက်လုယူသွားသူကို မည်သူမည်ဝါဖြစ်ကြောင်း တိတိကျကျ မပြောဆိုနိုင်သည့်အတွက် အမှုကို ကိုင်သွယ်ဖြေရှင်းရန် အချိန်ကြန့်ကြာလာသည့်အပြင် အမှုဖွင့် တိုင်ကြားသူများဘက်ကလည်း အချိန်မပေးနိုင်သည့်အတွက် အမှုကို ရပ်စဲလိုက်သည်များလည်းရှိနေကြောင်း သတင်းရရှိသည်။

‘သက်သေအထောက်အထား ခိုင်လုံရှိနေရင်တောင်မှ ပုဒ်မအမျိုးမျိုးနဲ့ ပြောင်းတပ်လို့ရတယ်။ အခုဟာက ရုတ်တရက် လာလုတဲ့သူကို ဘယ်လိုလုပ် မှတ်မိမှာလဲ။ ဘယ်လိုလုပ်သိမှာလဲ’ ဟု ဆရာမ ဒေါ်သီသီနွယ်က ပြောသည်။

မြန်မာနိုင်ငံတွင် ကုန်စျေးနှုန်းမြင့်တက်လာမှုကြောင့် အောက်ခြေလူတန်းစားများအတွက် အခက်အခဲရှိနိုင်ကြောင်း၊ မိသားစု စားဝတ်နေရေး ပြေလည်ဖို့ရန်အတွက် လုယက်မှုကို ကျူးလွန်ရသည်များလည်း ဖြစ်နိုင်ကြောင်း ဒေါ်သီသီနွယ်က သုံးသပ်ပြောဆိုသည်။

နောက်တစ်ခုက မူးယစ်သုံးစွဲနေတဲ့သူတွေနဲ့လည်း ဒီလုယက်မှုက ဆက်စပ်မှုရှိတယ်။ မူးယစ်ဆေးစွဲနေတဲ့ သူတစ်ယောက်ဆိုရင် ဆေးပြားမရှိရင် ဘယ်လိုမှ မနေနိုင်ဘူး။ မူးယစ်ဆေးသုံးစွဲဖို့ ပိုက်ဆံအမြဲရှိနေမှဖြစ်မယ်။ ပိုက်ဆံလဲ အများကြီးလိုနေမယ်။ အဲဒီတော့ ဒီလုယက်နေတဲ့သူတွေက မူးယစ်သုံးစွဲတဲ့သူတွေလည်း ဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်တယ်’ ဟု တက္ကသိုလ်ကျောင်းသား မောင်ကျော်ဇင်ဦး ဆိုသည်။

ဖမ်းဆီးရမိသော လုယက်မှု ကျူးလွန်သူများမှာ လူငယ်လူလတ်ပိုင်းများ ဖြစ်နေကြောင်း ၎င်းက ဆက်ပြောသည်။

‘အခုပြဿနာက လုံခြုံမှုမရှိတာ တစ်ကြောင်း၊ ကိုယ့်ရဲ့ ပေါ့လျော့မှုကြောင့် အလုခံရတာက တစ်ကြောင်း။ ဒီဟာ လျော့နည်းအောင် တစ်ခြားနိုင်ငံလိုမျိုး CCTV နေရာတိုင်းမှာ တပ်ဆင်ဖို့ မလုပ်ပေးနိုင်ရင်တောင် လုံခြုံမှုကို အပြည့်အဝပေးစေချင်တယ်။ ဒါပေမယ့် ဒီမြို့မှာလည်း ညဘက်လှည့်ကင်းကတော့ ရှိပါတယ်။ နယ်ထိန်းကတော့ သွားတော့သွားတယ်။ ဒါပေမယ့် လူဆိုးဘယ်မှာလဲလို့ နယ်ထိန်းတို့ကိုမေးရင် သူတို့ အကုန်သိတယ်။ အဲဒီလိုဖြစ်နေတဲ့အခါကျတော့ ကိုယ့်ကိုကိုယ် သတိရှိကြပါလို့ပဲ ပြောချင်ပါတယ်’ ဟု အမျိုးသမီးနှင့်ကလေးအခွင့်အရေးလှုပ်ရှားသူ အသက် (၄၀) အရွယ်ရှိ အမျိုးသမီးတစ်ဦးက ပြောသည်။

အများပြည်သူက ထိုသို့ စိုးရိမ်နေသော်လည်း မော်လမြိုင်မြို့နယ်ရဲစခန်း၏ မှတ်တမ်းအရ ၂၀၁၈ ခုနှစ်အတွင်း မော်လမြိုင်မြို့နယ်တွင် လုယက်မှု (၂) မှုသာရှိကြောင်း သိရသည်။

‘ကျွန်တော်တို့ဆီကို အမှု (၂) မှုပဲလာတိုင်တယ်။ (၂) မှုစလုံးမှာ တရားခံမိပါတယ်။ လုယက်မှုခံရပြီးဆို ကျွန်တော်တို့ဆီကို ဖုန်းဖြင့် အကြောင်းကြားလိုက်ရင် ကျွန်တော်တို့ အခင်းဖြစ်တဲ့နေရာရဲ့ ပတ်ပတ်လည်ကို ကျွန်တော်တို့ရဲတွေအကုန်လုံး စစ်ဆေးရေးဂိတ်ဖွင့်ပြီး စစ်ဆေးမှုလုပ်တယ်’ ဟု မော်လမြိုင်မြို့နယ်မှ ရဲမှူးမြင့်ဌေးက ဆိုသည်။

# ရေဘေးတိမ်းရှောင်လာသော (၈) နှစ်အရွယ် မိန်းကလေးငယ် အဓမ္မပြုကျင့်ခံရ

စက်တင်ဘာ ၂၀၊ ၂၀၁၈

၂၀၁၈ စက်တင်ဘာလ (၃) ရက်နေ့တွင် ရေဘေးတိမ်းရှောင်လာသော (၈) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို မော်တော်ဆိုင်ကယ် အငှားယာဉ်မောင်းတစ်ဦးက မော်လမြိုင်မြို့ ဘူတာရုံအနီးတွင် အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါမိန်းကလေးငယ်သည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ---ကျေးရွာမှ ရေဘေးတိမ်းရှောင်လာသူဖြစ်ပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် ---လမ်းတွင် ခေတ္တနေထိုင်ခဲ့သည်။ မုတ္တမမြို့သို့ ခရီးဆက်ရန်အတွက် မော်လမြိုင်ဘူတာသို့ သွားရာလမ်းတွင် အဓမ္မပြုကျင့်ခံရခြင်း ဖြစ်သည်။

'တက်စီသမားက ကလေးမကို သူ့အမေရယ် သူ့မောင်လေးရယ်နဲ့အတူ ဆိုင်ကယ်ပေါ်တင်သွားတာ။ သံလွင်ဥယျာဉ်နားရောက်တော့ ကလေးမလေးအတွက် အဝတ်အစားတွေ သွားယူပေးမယ်ဆိုပြီး အမေနဲ့ သူ့မောင်လေးကို လမ်းမှာ ခဏချထားပြီး ကလေးမလေးကို ခေါ်သွားတယ်' ဟု မော်လမြိုင်ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောပါသည်။

နောက် (၁၅) မိနစ်အကြာတွင် ဆိုင်ကယ်တက်စီသမားက မိန်းကလေးငယ်နဲ့အတူ ပြန်ရောက်လာခဲ့သည်။

'ပြန်ရောက်လာတော့ ကလေးမအမေက မေးတယ်။ အဲမှာ အဝတ်အစားပေးတာမဟုတ်ဘဲ သူ့ကို ဘူတာရုံသွားရာလမ်းဖြစ်တဲ့ တောင်ရိုးတန်းလမ်းဟောင်းနားက ချုံပုတ်တစ်ခုမှာ အဓမ္မပြုကျင့်ခဲ့တယ်လို့ ကလေးမက ပြန်ပြောတယ်။ အမေဖြစ်သူက ကလေးမရဲ့ မိန်းမကိုယ်ကို စစ်ကြည့်လိုက်တော့ သွေးတွေထွက်နေတယ်။ အဲမှာ အမေက ကလေးမကို ဒိုင်းဝန်းကွင်းရဲစခန်းကို ခေါ်သွားပြီး အမှုဖွင့်တိုင်ကြားခဲ့တယ်။ ဒိုင်းဝန်းကွင်းရဲစခန်းက အမှုကို သက်ဆိုင်ရာ နယ်မြေဖြစ်တဲ့ မော်လမြိုင်ရဲစခန်းကို ပြန်လွှဲလိုက်တာ' ဟု အဆိုပါ ရဲအရာရှိက ဆက်ပြောပါသည်။

ကျူးလွန်သူကို မော်လမြိုင်ဘူတာရုံအနီးရှိ မော်တော်ဆိုင်ကယ် အငှားယာဉ်ဂိတ်တွင် စက်တင်ဘာလ (၃) ရက်နေ့ ညနေခင်းအချိန်တွင် ဖမ်းဆီးရမိခဲ့ပြီး မုဒိမ်းမှုဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

'ကျူးလွန်သူကိုတော့ မော်လမြိုင်ရဲစခန်းမှာ ထိန်းသိမ်းထားတယ်။ ဆေးစစ်ချက်အဖြေထွက်လာရင်တော့ တရားရုံးမှာ အမှုဖွင့်အရေးယူသွားမှာပါ။ လောလောဆယ်တော့ မွန်ပြည်နယ် လူမှုကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနနဲ့ အမျိုးသမီးအဖွဲ့တို့က ကလေးမလေးကို ကူညီစောင့်ရှောက်ထားတယ်' ဟု ရဲအရာရှိက ပြောပါသည်။

အလားတူပင် လွန်ခဲ့သော ဩဂုတ်လ (၁၈) ရက်နေ့တွင်လည်း မွန်ပြည်နယ် မုဒုံမြို့နယ် ---ကျေးရွာတွင် အသက် (၁၅) နှစ်အရွယ် သမီးငယ်ကို အသက် (၄၃) နှစ်အရွယ် ဖခင်အရင်းဖြစ်သူက အကြိမ်ကြိမ် အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။

• • •





မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်များ ဖြုတ်ချခံရမှုအပေါ် မွန်လူထုများက မကျေနပ်

ဩဂုတ် ၂၉၊ ၂၀၁၈

၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်၊ ဝါခေါင်လပြည့်နေ့တွင် ကျရောက်သည့် မွန်တော်လှန်ရေးနေ့အခမ်းအနားကို ကြိုဆိုသောအားဖြင့် ရေးမြို့ပေါ်တွင် 'တော်လှန်ဝံ့မှ လွတ်လပ်မည်' ဟူသော အဓိပ္ပါယ်ရသည့် မွန်ဘာသာဖြင့် ရေးသားထားသော မွန်တော်လှန်ရေးနေ့အထိမ်းအမှတ် ဆိုင်းဘုတ်များ စိုက်ထူထားခြင်းနှင့် ပတ်သက်၍ မွန်ပြည်နယ် အစိုးရအဖွဲ့က ယင်းစကားရပ်ကို ဖြုတ်သိမ်းပေးရန် ဖိအားပေးလာသဖြင့် ဆိုင်းဘုတ်များ ဖြုတ်သိမ်းခဲ့ရမှုအပေါ် မွန်လူထုများက မကျေမနပ်ဖြစ်နေကြောင်း သတင်းရရှိသည်။

'ခါတိုင်းနှစ်လဲ ဒီလိုအဓိပ္ပါယ်ရတဲ့ စကားလုံးပဲ သုံးလာခဲ့တယ်။ တော်လှန်တယ်ဆိုတဲ့ အဓိပ္ပါယ်က ကျွန်တော်တို့ ပြည်သူတွေရဲ့ စိတ်ဓါတ်တွေ မြင့်မားလာဖို့ တိုက်တွန်းနှိုးဆော်တဲ့သဘော သက်ရောက်တယ်။ လူတွေကို ပုန်ကန်အုံကြွဖို့ လုပ်တာမဟုတ်ဘူး။ သူတို့(အစိုးရ)လဲ သူတို့ အာဇာနည်နေ့ကို ဘာလို့ လွတ်လွတ်လပ်လပ် လုပ်လို့ရသလဲ။ ကျွန်တော်တို့လဲ ကျွန်တော်တို့ အာဇာနည်နေ့(တော်လှန်ရေးနေ့)ကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိရမယ်။ ဒါက တရားမျှတမှုပဲ။ အခုက ဒီလိုလုပ်တာဟာ တိုင်းရင်းသားတွေကို ဖိနှိပ်တဲ့သဘော သက်ရောက်တယ်။ ဒီလိုဖိနှိပ်မှုမျိုးကို လက်မခံနိုင်ဘူး' ဟု ဦးဇင်းအဇ္ဇက သုံးသပ်ပြောဆိုသည်။

မွန်ပြည်သစ်ပါတီအနေဖြင့် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(Nationwide Ceasefire Agreement –NCA)ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် ငြိမ်းချမ်းရေးလမ်းကြောင်းကို သွားနေသည့်အတွက် ယင်းစကားလုံးကို ထည့်ရန် မသင့်တော်ကြောင်း မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ဩဂုတ်လ (၁၈) ရက်နေ့က ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ပြောကြားခဲ့သည်။

'ကျွန်တော်တို့ လုပ်တာက ဆန့်ကျင်နေတာလည်း မဟုတ်ဘူး။ လူတွေအုံကြွလာအောင် လုပ်နေတာလည်း မဟုတ်ဘူး။ ဒီနိုင်ငံ လွတ်လပ်ရေးရအောင် ဗမာလူမျိုးချည်းပဲ ကြိုးပမ်းလာတာမဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးဖြစ်တဲ့ ကျွန်တော်တို့ မွန်လူမျိုးတွေလည်း အများကြီးပါပါတယ်။ အာဇာနည်ခေါင်းဆောင်တွေရဲ့ ကြိုးပမ်းလာမှုကြောင့်ပဲ ဒီလို NCA တွေဖြစ်လာတာ။ သူတို့တွေက တော်လှန်ရေးသမားဖြစ်လို့ သူတို့ကို ဂုဏ်ပြုတဲ့နေ့မှာ တော်လှန်ရေးနေ့ဆိုတာ ဖြစ်လာရတယ်။ ကျွန်တော်တို့က သွေးရူးသွေးတန်းနဲ့ သောင်းကျန်းပြီး တော်လှန်နေတာမဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ မွန်အသုံးအနှုန်းကိုက အဲသလိုဖြစ်နေတယ်' ဟု ရေးမြို့နယ်မှ တော်လှန်ရေးနေ့ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ နိုင်မြင့်ထွန်းက ပြောသည်။

ဆိုင်းဘုတ်ပါ စကားလုံးအသုံးအနှုန်းကြောင့် လူထုအုံကြွမှု ဖြစ်စေနိုင်သည်ဟု ယူဆပြီး ဩဂုတ်လ (၁၉) ရက်နေ့တွင် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စကခ အမှတ် (၁၉) က နိုင်မြင့်ထွန်းနှင့် ထွေအုပ်အဖွဲ့ဝင်များကို ခေါ်ယူပြီး ဆိုင်းဘုတ်ဖြုတ်ပေးရန် ဝန်ခံလက်မှတ် ရေးထိုးခိုင်းခဲ့သော်လည်း ၎င်းတို့က လက်မှတ်မထိုးဘဲ ပြန်လာခဲ့ကြ သည်။

၎င်းပြင် ဩဂုတ်လ (၂၁) ရက်နေ့တွင် ထွေအုပ်ရုံးက (၃) ကြိမ် ဆင့်ခေါ်ပြီး ဆိုင်းဘုတ်ဖြုတ်ပေးရန်နှင့် မဖြုတ်ပါက စည်ပင်ဥပဒေအရ အရေးယူခံရနိုင်ကြောင်း ရေးမြို့နယ်ထွေအုပ်က ဖိအားပေးလာသည့်အတွက် အဆိုပါနေ့ ည (၉) နာရီအချိန်ခန့်တွင် ဆိုင်းဘုတ်ဖြုတ်ခဲ့ရကြောင်း နိုင်မြင့်ထွန်းထံမှ သိရသည်။

'ကျွန်တော်တို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ တော်လှန်ရေးနေ့အခမ်းအနားကို လုပ်ဖို့ ရည်ရွယ်ထားတဲ့အတိုင်း ဖြစ်မလာဘူး။ ဖြစ်မလာတဲ့အပြင် စိုက်ထူထားပြီးသား ဆိုင်းဘုတ်ကိုပါ ပြန်ဖြုတ်ပြီး နေရာပြောင်းလိုက်ရတာကို စိတ်မကောင်းဖြစ်မိတယ်။ နောက်တစ်ခုက ပြည်သူတွေဘက်က အသံထွက်လာတယ်။ ဒီပွဲက လုပ်ဖြစ်ပါဦး မလားဆိုပြီး ဝန်လေးပြီး ပူပင်နေကြတယ်' ဟု လူငယ်တစ်ဦးဖြစ်သူ မင်းနေလင်းထွန်းက ၎င်း၏အမြင်ကို ပြောဆိုသည်။

(၇၁) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ကို ရေးမြို့ပေါ်တွင် လုပ်မည်ဟု ရည်ရွယ်ထားသော်လည်း တာဝန်ရှိသူတို့က ခွင့်မပြုသည့်အတွက် ရေးမြို့နယ် စုံနံ့သာကျေးရွာရှိ ကိုရင်လေးတောင်တွင် ပြောင်းရွှေ့ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

'တိုင်းရင်းသားတွေရဲ့ အခွင့်အရေးဆိုတာ စာရွက်ပေါ်မှာပဲ ရှိနေတယ်။ တကယ့်အပြင်မှာ တိုင်းရင်းသားရဲ့ အခွင့်အရေးက မရှိသလောက် နည်းတယ်' ဟု တော်လှန်ရေးဖြစ်မြောက်ရေးအဖွဲ့ဝင် မင်းဗညာဟံသာက ဆိုသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဩဂုတ်လ (၂၀) ရက်နေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်သစ်ပါတီမှ တာဝန်ရှိသူ နိုင်ဟံသာဗိုန်ခိုင်နှင့် အဖွဲ့ဝင်တို့ကို ခေါ်ယူတွေ့ဆုံပြီး မေးမြန်းမှုပြုလုပ်ခဲ့သည်။

'ဒီကိစ္စက ပြည်သူတွေပဲ လုပ်ဆောင်တာပါ။ မွန်ပြည်သစ်ကအဖွဲ့တွေ ဦးဆောင်ပြီး လုပ်တာမဟုတ်ပါဘူး။ ပြည်သူတွေလုပ်တာနဲ့ ကျွန်တော်တို့လုပ်တာ လုပ်ပုံချင်းလည်း မတူဘူး။ အဲလိုဆိုတော့ မွန်ပြည်သစ်မပါတာ သေချာရင် ဒီစကားလုံး မထည့်ဖို့ ဝိုင်းဝန်းပြောပေးပါလို့ ဝန်ကြီးချုပ်က ကျွန်တော်တို့ကို အကူအညီ တောင်းလာတယ်၊ ကျွန်တော်တို့က ပြောပေးမယ်၊ ဒါပေမယ့် ဝန်ကြီးချုပ်တို့ပြောတဲ့အတိုင်း ဖြစ်လာရမယ်ဆိုတဲ့ ကတိကဝတ်ကိုတော့ အာမ မခံခဲ့ဘူး' ဟု မွန်ပြည်သစ်ပါတီမှ ဗဟိုကော်မတီဝင် နိုင်ဟံသာဗိုန်ခိုင်က ပြောသည်။

လက်ရှိနိုင်ငံရေးအခြေအနေနှင့် ဒေသအခြေအနေကို ကြည့်ပြီး တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားစေမည့် အပြောအဆို၊ အသုံးအနှုန်းနှင့် ထိလွယ်ရှလွယ်သည့်စကားလုံးများကို ရှောင်ရှားသင့်ကြောင်း နိုင်ဟံသာဗိုန်ခိုင်က ဆက်ပြောပါသည်။

• • • •

# လျှပ်စစ်မီးဖြန့်ဖြူးသည့်ကုမ္ပဏီက စာချုပ်ဖောက်ဖျက်ကာ မီတာခပိုကောက်သဖြင့် ဒေသခံများ မိတ်ပျက်

စက်တင်ဘာ ၁၉၊ ၂၀၁၈

Southern Myanmar Development Co. Ltd., သည် မွန်ပြည်နယ် ရေးမြို့နယ်မြောက်ပိုင်းဒေသတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန်အတွက် နိုင်ငံတော်အစိုးရထံမှ ခွင့်ပြုချက်ရရှိထားသော ကုမ္ပဏီဖြစ်သည်။ သို့သော် လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ပတ်သက်၍ ကုမ္ပဏီအနေဖြင့် လက်ရှိအချိန်တွင် ဒေသခံရွာသားများနှင့် အငြင်းပွားလျက်ရှိသည်။ ကုမ္ပဏီအနေဖြင့် မီတာထိန်းသိမ်းခနှင့် လမ်းမီးခကို ကောက်ခံခြင်း ပြုမည်မဟုတ်ဟု စာချုပ်တွင် ချုပ်ဆိုထားသော်လည်း လက်တွေ့တွင် မီတာထိန်းသိမ်းခကို ကျပ် (၅၀၀) ဖြင့် ကောက်ခံနေသည့်အပြင် ရွာသားများအနေဖြင့်လည်း လမ်းမီးခအဖြစ် တစ်အိမ်ထောင်လျှင် အနည်းဆုံး ကျပ် (၅၀၀၀) ခန့် ပေးချေနေရသည်၊

ကုမ္ပဏီ၏ ကတိပျက်မှုကို တုန့်ပြန်ရန်အတွက် ရွာသူရွာသားများကို စည်းရုံးခဲ့သော ရေးမြို့နယ် လမိုင်းမြို့ အမှတ် (၃) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး နိုင်ဝေ၏နေအိမ်ကို ဩဂုတ်လ (၁၃) ရက်နေ့တွင် ကုမ္ပဏီက လျှပ်စစ်မီးဖြတ်တောက်ခဲ့သည်။

'ကုမ္ပဏီက အိမ်လာပြီး မီးဖြတ်တုန်းက ကျွန်တော်အိမ်မှာမရှိဘူး။ ကျွန်တော် ဘာမှမသိလိုက်ဘူး။ ညနေ အိမ်ပြန်ရောက်မှ ဘေးအိမ်က ပြောလို့ သိရတာ။ သိတော့ မီးလင်းရေးကော်မတီဆီကို သွားပြီး ဘာလို့ မီးဖြတ်လိုက်လဲလို့ သွားမေးတယ်။ အထက်အမိန့်အရ မီးဖြတ်လိုက်တာလို့ ကုမ္ပဏီက ပြန်ဖြေတယ်' ဟု နိုင်ဝေက ပြောပါသည်။ အဆိုပါမီးဖြတ်သည့် အကြောင်းရင်းကို သေသေချာချာ သိရှိထားခြင်း မရှိကြောင်း နိုင်ဝေက ပြောပါသည်။

'မီတာခတွေ လျှော့ချဖို့ ကုမ္ပဏီကို ဆန့်ကျင်ဖို့ ကျွန်တော်က ရွာသားတွေကို စည်းရုံးတယ်။ ကုမ္ပဏီက စာချုပ်ကို ဖောက်ဖျက်ပြီးတော့ မီတာထိန်းသိမ်းခနဲ့ လမ်းမီးခတွေကို ကောက်နေတယ်လို့ ရွာသားတွေကို ရှင်းပြလိုက်တယ်။ အဲကြောင့် ကုမ္ပဏီက ကျွန်တော့်အိမ်ကို မီးဖြတ်လိုက်တာလို့ ထင်တယ်' ဟုငင်းက ဆက်ပြောပါသည်။

၎င်းနေအိမ်အား မီးဖြတ်လိုက်ခြင်းဖြင့် ကုမ္ပဏီက ၎င်းတို့အား ဆန့်ကျင်နေသည့် ရွာသူရွာသားများကို ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်ဟု နိုင်ဝေက ထင်မြင်ယူဆနေ သည်။

အလားတူပင် နိုင်ဝေနှင့် အတူတကွ အလုပ်လုပ်နေသော ရွာသားတစ်ဦးကိုလည်း ကုမ္ပဏီက လျှပ်စစ်မီးသုံးစွဲခွင့် ချပေးခြင်း မရှိသေးချေ။ ၎င်းပြင် အဆိုပါရွာသား၏ နေအိမ်အနီးရှိ လမ်းမီးတိုင်တွင် တပ်ဆင်ထားသော မီတာပုံးကိုလည်း ဖြုတ်ယူသွားခဲ့သည်ဟု ဒေသခံတက်ကြွလှုပ်ရှားသူ နိုင်မင်းသိန်းထွန်းဦးက ပြောပါသည်။

'ဖြစ်စဉ်တွေကို ကြည့်လိုက်ရင် ကုမ္ပဏီကြီးတစ်ခုက ဒီလိုတော့ မလုပ်သင့်ဘူးလို့ ထင်တယ်။ ကုမ္ပဏီပိုင်ရှင် ဦးစိန်ဝမ်းကတော့ ဒါမျိုးလုပ်ဖို့ ညွှန်ကြားမှာ မဟုတ်ဘူး။ အောက်ခြေက ဝန်ထမ်းတွေ လုပ်တာပဲလို့ ထင်တယ်' ဟု နိုင်မင်းသိန်းထွန်းဦးက ပြောပါသည်။

လက်ရှိအချိန်တွင် အုပ်ချုပ်ရေးမှူး နိုင်ဝေ၊ ရွာသားများဖြစ်ကြသည့် နိုင်မင်းသိန်းထွန်းဦးနှင့် နိုင်ရဲမွန်တို့၏ နေအိမ်များမှာ လျှပ်စစ်မီးဖြတ်တောက်ခြင်း ခံထားရသည်။

ဒေသခံတစ်ဦးဖြစ်သူ နိုင်ချစ်ထွေး၏ ပြောကြားချက်အရ နှစ်ကရင်ကျေးရွာတွင်လည်း လျှပ်စစ်မီတာခကို သတ်မှတ်နှုန်းထားထက် ပိုမိုပေးချေနေရကြောင်း၊ ထိုသို့ပေးချေခြင်း မရှိသော နေအိမ်အလုံး (၂၀) ကျော်မှာ လျှပ်စစ်မီးဖြတ်တောက်ခြင်းခံထားရကြောင်း သိရသည်။

'တစ်ချို့အိမ်တွေက ထိုင်းမှာပဲ အလုပ်လုပ်နေကြတော့ မီးသီးလေး တစ်လုံးလောက်ပဲ ထွန်းတာ။ လျှပ်စစ်မီး နည်းနည်းပဲ သုံးတယ်။ ဒါပေမယ့် လမ်းမီးခကို သူတို့သုံးတာထက် ပိုပေးနေရတယ်' ဟု နိုင်ချစ်ထွေးက ပြောပါသည်။

ကုမ္ပဏီက စာချုပ်ဖောက်ဖျက်ကာ မီတာခပိုမိုကောက်ခံသဖြင့် မကျေနပ်ကြသော ရွာသူ၊ ရွာသားများက အစည်းအဝေးများ ပြုလုပ်ကာ ကုမ္ပဏီနှင့် ဆွေးနွေးခြင်း၊ မွန်ပြည်နယ်အစိုးရနှင့် လွှတ်တော်ထံသို့ တိုင်ကြားစာများ ပေးပို့ခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၁၈ စက်တင်ဘာလ (၁) ရက်နေ့မှ စတင်၍ မီတာထိန်းသိမ်းခ (၅၀၀) ကျပ်ကို ကောက်ခံခြင်းမပြုရန် ညွှန်ကြားထားကြောင်း မွန်ပြည်နယ်အစိုးရက ဩဂုတ်လ (၃၁) ရက်နေ့တွင် အကြောင်းပြန်ခဲ့သည်။ သို့သော် လမ်းမီးခကို ယခင်အတိုင်း ဆက်လက်ကောက်ခံမည်ဖြစ်ပြီး လမ်းမီးထွန်းညှိမှု အချိန်ကိုသာ ကုမ္ပဏီက လျှော့ချလိုက်မည် ဖြစ်သည်။

'လမ်းမီးကိုတော့ သူတို့ အလကားမထွန်းပေးနိုင်ဘူးတဲ့။ ည (၇) နာရီကနေ (၁၀) နာရီအထိ၊ မနက် (၄) နာရီကနေ (၆) နာရီအထိ ထွန်းမယ်တဲ့။ လမ်းမီးခနှုန်းတော့ မကျဘူး။ အချိန်ကိုပဲ လျှော့လိုက်တာ။ အချိန်နည်းသွားတော့ ပေးရတာလည်း နည်းသွားတာပေါ့။ မီတာထိန်းသိမ်းခ ဖျက်လိုက်တာကတော့ ကျွန်တော်တို့ အောင်မြင်မှုလို့ ပြောရမယ်' ဟု နိုင်ချစ်ထွေးက ဆက်ပြောသည်။

သို့သော် လမ်းမီးခအတွက် အများဆုံး တစ်လလျှင် (၁၅၀၀) ကျပ်သာ ပေးချေနိုင်သည်ဟု ရွာသားများက ကုမ္ပဏီကို အသိပေးအကြောင်းပြန်ထားကြောင်းလည်း သိရသည်။

Southern Myanmar Development Co. Ltd., အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ရေးမြို့နယ် လမိုင်းမြို့ကို (၁၀) မီဂါဝပ် လျှပ်စစ်ဓာတ်အား ပေးစက်ရုံဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် လုပ်ငန်းကို ၂၀၁၈ ဧပြီလ (၄) ရက်နေ့မှ စတင်ခဲ့ခြင်း ဖြစ်သည်။

> " ကုမ္ပဏီက စာချုပ်ကို ဖောက်ဖျက်ပြီးတော့ မီတာထိန်းသိမ်းခနဲ့ လမ်းမီးခတွေကို ကောက်နေတယ်လို့ ရွာသားတွေကို ရှင်းပြလိုက်တယ်။ အဲကြောင့် ကုမ္ပဏီက ကျွန်တော့်အိမ်ကို မီးဖြတ်လိုက်တာလို့ထင်တယ် "

# ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ပြိုကျခဲ့သော အိမ်များကို ယခင်နေရာ၌ ပြန်လည်ဆောက်လုပ်ခွင့် မပေးသည့်အတွက် အခက်အခဲများရှိနေဟု ဒေသခံများဆို



စက်တင်ဘာ ၆၊ ၂၀၁၈

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှုပ်ကျေးရွာတွင် ပြီးခဲ့သည့် ဩဂုတ်လ (၁၂) ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ပြိုကျခဲ့သော အိမ်များကို ယခင်နေရာ၌ ပြန်လည်ဆောက်ခွင့် မပေးသည့်အတွက် ဒေသခံ အများစုက အခက်အခဲရှိနေကြောင်း သိရသည်။

ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ကမ်းစပ်အနီးရှိ လူနေအိမ် (၄၄) လုံး ပြိုကျခဲ့ပြီး အိမ် (၄၅) လုံး ယိမ်းယိုင်ခဲ့ပြီး ယခင်နေရာများ၌ ပြန်လည်တည်ဆောက်ခွင့် မပေးသည့်အတွက် တံငါသည်လုပ်ငန်းလုပ်ကိုင်ရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

'ကျွန်မတို့ ပြိုကျခဲ့တဲ့ နေရာကို ပြန်ပြီးတော့ အိမ်တွေကို ဆောက်ခွင့်မပေးတော့ဘူး။ အိမ်ဆောက်ဖို့ မြေတွေ ရှာပေးမယ်။ ဘာမှလည်း လာမပြောသေးဘူး။ အခုသူများအိမ်မှာ ကပ်ပြီး နေရတယ်။ သူတို့လာကြည့်တော့ ပြောသွားတယ်။ ဒီနေရာမှာ ဘာမှပေးမလုပ်တော့ဘူး။ အိမ်ကိုလည်း သူတို့ဘဲ ဆောက်ပေးမယ်ပြောတယ်။ မြေနေရာလည်းပေးမယ်။ စားစရာတော့ သူများလာပေးတော့ ရတာပေါ့။ နေတဲ့အခါကျတော့ သူများအိမ်ဘေးနားမှနေရတယ်။ ကြာလာရင် အားနာလာတယ်' ဟု နေအိမ်ပြိုကျခဲ့သူ မစုခိုင်က ပြောသည်။

လက်ရှိတွင် နေအိမ်ပြိုကျခဲ့သော ဒေသခံများက ပိုက်တွယ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြပြီး တစ်ချို့ ဒေသခံများသည် ဘုန်းကြီးကျောင်း သို့မဟုတ် နီးစပ်ရာ ဆွေမျိုးအိမ်သို့ ပြောင်းရွှေ့ နေထိုင်ကြရကြောင်း သိရသည်။

'နေစရာအိမ်တစ်လုံး လိုချင်တယ်။ အဲဒါမှ လုပ်ကိုင်စားသောက်ဖို့ အဆင်ပြေမယ်လေ။ အခုပြိုသွားတော့ ကျွန်တော်တို့ တံငါသည်လုပ်ငန်းက တစ်နေ့လုပ်မှ တစ်နေ့စားရတာ။ အခုကျတော့ ဒီလိုမျိုး ဖြစ်သွားတော့ ဘာမှ မတတ်နိုင်ဘူး။ အိမ်ကိုပဲ ပေးဆောက်စေချင်တယ်' ဟု အိမ်ပြိုကျခဲ့သူ ဦးကျော်ဇော်လင်းက ပြောသည်။

အဆိုပါ နေအိမ်ပြိုကျခဲ့သော အိမ်ထောင်စု (၄၄) စုသည် သားသမီးအတွက် ကျောင်းစရိတ်ရရှိရန်နှင့် လုပ်ငန်းများ ပြန်လည် လုပ်ကိုင်ရန် အခက်အခဲရှိနေကြောင်း သိရသည်။

'ကျွန်တော်မှာဆိုရင် (၉) တန်းကျောင်းသားတစ်ယောက်နဲ့ (၄) တန်းကျောင်းသူတစ်ဦး ပြီးတော့ သူငယ်တန်းကျောင်းသူတစ်ဦးရှိတယ်။ အခုလိုမျိုးဖြစ်တော့ တော်တော်ဒုက္ခဖြစ်တာပေါ့။ အခုက ဘုန်းကြီးကျောင်းမှပဲ နေရတယ်။ ဘုန်းကြီးကျောင်းက ကြာလာရင်တော့ နေလို့ မကောင်းတော့ဘူး။ အိမ်ကိုပဲ အမြန်ဆုံး ပေးဆောက်စေချင်တယ်' ဟု အိမ်ပြိုကျခဲ့သူ ဦးမြိုင်ခင်က ဆိုသည်။

အိမ်ပြိုကျခဲ့သော အိမ်ထောင်စု (၄၄) စုအတွက် ပြည်နယ်လွှတ်တော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြကာ လက်ရှိတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်နေပြီး မြေရရှိရန် ခြံရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း အလှုပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းတင်က ပြောကြားခဲ့သည်။

'အဲဒီပြိုသွားတဲ့ နေရာလေးကိုတော့ မပေးဆောက်တော့ဘူး။ အခု သူတို့နေတဲ့ နေရာက လုံးဝကို မပေးနေတော့ဘူး။ အန္တရာယ်တွေ စုံနေတယ်ပေါ့။ အဲဒီပြိုသွားတဲ့ အိမ်ကို ပြန်ဆောက်ပေးဖို့ စီစဉ်နေတယ်ပေါ့။ လွှတ်တော်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့တို့နဲ့ အခုအနေအထားကတော့ ကျန်တဲ့အိမ်ကိုတော့ စာရင်းကောက်ခိုင်းတယ်' ဟု ၎င်းက ဆိုသည်။

ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုကြောင့် ယိမ်းယိုင်သွားသော အိမ်ခြေ (၄၅) လုံးကို စာရင်းကောက်ခံခြင်းများပြုလုပ်ပြီး ပြုပြင်မှုပြုလုပ်သွားပေးမည်ဖြစ်ကြောင်း သိရသည်။

'ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုက တစ်နှစ်နဲ့ တစ်နှစ် နဲ့မတူဘူး။ ဒီနှစ်က တော်တော်ပြင်းတယ်။ ကံကောင်းလို့ နေ့ဘက်မှာဖြစ်တာ။ တကယ်လို့ ညဘက်ဖြစ်ရင် မတွေးရဲစရာပဲ။ အခု (၂) ခါ ဖြစ်ပြီးသွားပြီ။ နောက်ထပ်တစ်ခါ ကျန်သေးတယ်။ အဲဒါကြောင့် အဲဒီနေရာကို လုံးဝကို မပေးဆောက်တော့ဘူး' ဟု အုပ်ချုပ်ရေးမှူး ဦးသိန်းတင်က ပြောသည်။

ပင်လယ်ဒီရေလှိုင်းများသည် ကမ်းခြေကို ကျော်လွန်ပြီး ကျေးရွာအထိ ဝင်ရောက်နေခြင်းဖြစ်ကြောင်း၊ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုသည် တစ်နှစ်လျှင် သုံးကြိမ်ဖြစ်ပေါ်တတ်ပြီး ရေကြီးရေမြုပ်မှုဖြစ်လေ့ရှိကြောင်း သိရသည်။

'ကျွန်တော်တို့ ခင်တန်းရပ်ကွက်မှာတော့ အိမ် (၅) လုံးပဲ ပျက်စီးခဲ့တယ်။ ရေတားတဲ့ ကျောက်တွေကို ကိုယ်ထူကိုယ်ထနဲ့ လုပ်ထားတယ်။ ရပ်ကွက်ထဲကိုတော့ ရေမဝင်ဘူး။ ဖြစ်တဲ့ (၂) ကြိမ်စလုံးက နေ့ဘက်ပဲဖြစ်တယ်။ ညဘက်မဖြစ်ဘူး။ ညဘက်ဖြစ်ရင် အကုန်သေကုန်ကြမယ်။ ရေတားကျောက်နံရံထပ်လုပ်ဖို့ကို လွှတ်တော်ကို ထပ်ပြီးတော့ တင်ပြသွားမယ်' ဟု အလှုပ်ကျေးရွာ၊ ခင်တန်းရပ်ကွက်နေ ဦးစိန်းထွန်းက ဆိုသည်။

မွန်ပြည်နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတွင် မိုးအမြောက်အမြားရွာသွန်းမှုကြောင့် မော်လမြိုင်မြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ဘီးလင်မြို့နယ်၊ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ရေးမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့တွင် ရေကြီးမှုဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုလည်း ရှိခဲ့ကြောင်း သိရသည်။

> ကျွန်မတို့ ပြိုကျခဲ့တဲ့ နေရာကို ပြန်ပြီးတော့ အိမ်တွေကို ဆောက်ခွင့်မပေးတော့ဘူး။ အိမ်ဆောက်ဖို့ မြေတွေ ရှာပေးမယ်။ ဘာမှလည်း လာမပြောသေးဘူး။ အခု သူများအိမ်မှာ ကပ်ပြီး နေရတယ်

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအား ပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

### ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူ လိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးသော်လည်း မွန်အမျိုးသားအရေးလှုပ်ရှားမှုများ ကန့်သတ်ခံနေရဆဲဖြစ်



စက်တင်ဘာ ၂၅၊ ၂၀၁၈

မွန်ပြည်သစ်ပါတီအနေဖြင့် ယခုနှစ်အစောပိုင်းတွင် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA – Nationwide Ceasefire Agreement) ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သော်လည်း မွန်အမျိုးသားအရေး လှုပ်ရှားဆောင်ရွက်မှုများကို မွန်ပြည်နယ်အစိုးရက ကန့်သတ်ချုပ်ချယ်နေဆဲဖြစ်ကြောင်း သတင်းများအရ ကြားသိရသည်။

'မွန်ပြည်သစ်ပါတီ NCA မထိုးခင်ကတည်းက ပါတီရဲ့ စစ်သင်တန်းကျောင်းတွေကို သွားပြီးတော့ ဦးဇင်းတို့ ထောက်ပံ့မှုတွေ လုပ်ခဲ့တယ်။ အခု လက်မှတ်ထိုးပြီးခါမှ နယ်လုံက ဦးဇင်းတို့ကို လာသတိပေးတယ်။ ဒါက လက်ခံနိုင်စရာအကြောင်း မရှိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မွန်အမျိုးသားအရေးတွေကို ရှေ့ဆက်လုပ်ဆောင်သွားဖို့ ဦးဇင်းတို့က ဆုံးဖြတ်ထားပြီးသားပါ' ဟု မွန်အမျိုးသားအရေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူ ဦးဇင်းဇော်လတ် (ခေါ်) ဦးဇင်းအွတ်ဂျက မိန့်ကြားပါသည်။

မွန်ပြည်သစ်ပါတီ သို့မဟုတ် အခြားသောအဖွဲ့အစည်းများ၏ တောင်းဆိုချက်ကြောင့် ထောက်ပံ့မှုများကို ပြုလုပ်ခဲ့ခြင်း မဟုတ်ကြောင်း၊ လုပ်သင့်လုပ်ထိုက်သည်ဟု ထင်မြင်ယူဆခြင်းကြောင့်သာ ထောက်ပံ့မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးဇင်းက ဆက်လက်မိန့်ကြားပါသည်။

ဦးဇင်းဇော်လတ်နှင့် အဖွဲ့သည် လွန်ခဲ့သော စက်တင်ဘာလ (၄) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း ရေးချောင်းဖျားဒေသရှိ မွန်ပြည်သစ်ပါတီ၏ စစ်သင်တန်းကျောင်းသို့ သွားရောက်ပြီး ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ထောက်ပံ့ခဲ့ခြင်းကြောင့် စက်တင်ဘာလ (၁၀) ရက်နေ့တွင် မွန်ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရဟုဆိုကာ ချောင်းဆုံမြို့နယ် သာသနာရေးဦးစီးဌာနက သတိပေးတားမြစ်ပါကြောင်း ဦးဇင်းဇော်လတ်၏ ကျောင်းသို့ လာရောက်သတိပေးလျှောက်ထားခဲ့သည်။

'ချောင်းဆုံမြို့နယ် သာသနာရေးဦးစီးဌာနက ဦးဇင်းတို့ မွန်စစ်သင်တန်းကျောင်းတွေမှာ သွားရောက်လှူဒါန်းနေတာကို မွန်ပြည်နယ် နယ်လုံဝန်ကြီးက မကြိုက်ဘူးဆိုပြီးတော့ လာပြောတယ်။ မွန်ပြည်သစ်ပါတီက NCA လက်မှတ်ထိုးထားပေမယ့် စစ်တပ်နဲ့ တကယ့်တကယ် ငြိမ်းချမ်းရေး မရသေးဘူးတဲ့။ ဒါကြောင့် မွန်စစ်သင်တန်းကျောင်းတွေကို သွားပြီးတော့ ထောက်ပံ့လှူဒါန်းတာတွေ မလုပ်ဖို့ နယ်လုံဝန်ကြီးက သတိပေးလိုက်တယ်ဆိုပြီး လာပြောတာ' ဟု ဦးဇင်းက မိန့်ကြားပါသည်။

ဦးဇင်းဇော်လတ်နှင့်အဖွဲ့သည် မွန်စစ်သင်တန်းကျောင်း တစ်ခုတည်းကိုသာ ထောက်ပံ့နေခြင်းမဟုတ်ဘဲ ရေဘေး၊ မီးဘေးသင့် မွန်ပြည်သူများ၊ မွန်အမျိုးသားစာသင်ကျောင်းများနှင့် ကျောင်းသားကျောင်းသူများကိုလည်း ထောက်ပံ့ကူညီလျက်ရှိသည်ဟု သိရသည်။ ၎င်းပြင် အဆိုပါအဖွဲ့သည် သွေးလှူဒါန်းမှုများကိုလည်း အခါအားလျော်စွာ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

'NCA နောက်ပိုင်းတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်ကူညီလို့ ရပြီလို့ ထင်ထားတာ။ ဒါကြောင့်မို့ မွန်စစ်သင်တန်းကျောင်းကို သွားရောက်ထောက်ပံ့တာ။ ဒါက အမျိုးသားရေးကိစ္စလို့ ဦးဇင်းတို့ ခံယူထားတယ်လေ' ဟု ဦးဇင်းက ရှင်းပြပါသည်။

ယခုကဲ့သို့ ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်နေပါက ရေရှည်တွင် မွန်အမျိုးသားအရေး လှုပ်ရှားသူအရေအတွက် ကျဆင်းလာနိုင်ကြောင်း ဦးဇင်းဇော်လတ်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နိုင်ဂျယ်တွနိုင်က ပြောပါသည်။

'NCA မထိုးခင်တုန်းကလည်း မွန်ပြည်သစ်ပါတီရဲ့ စစ်သင်တန်းကျောင်းတွေ အမျိုးသားပညာရေးဌာနတွေကို ဦးဇင်းဇော်လတ်နဲ့ အတူ ခဏခဏ သွားပြီးတော့ လှူတယ်။ မနှစ်ကဆို မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေသကို (၃) ခေါက်တောင် ရောက်ဖြစ်တယ်။ ဘယ်သူကမှ စစ်ဆေးမေးမြန်းတာ မရှိဘူး။ စစ်ဆေးရေးဂိတ်တွေမှာလည်း မေးမြန်းစုံစမ်းတာ မရှိဘူး။ NCA ထိုးပြီးမှပဲ မလွတ်လပ်သလို ဖြစ်လာတယ်။ ကျွန်တော်တို့ကို ချုပ်ချယ်လာတယ်လို့ ခံစားရတယ်' ဟု နိုင်ဂျယ်တွနိုင်က ပြောပါသည်။

မွန်ပြည်သစ်ပါတီအနေဖြင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် NCA ရေးထိုးပြီးနောက်ပိုင်း ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးကော်မတီတွင် ပါဝင်ခဲ့သော်လည်း တပ်မတော်နှင့် သဘောထားခြင်းမတိုက်ဆိုင်သောကြောင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးကော်မတီတွင် မပါဝင်ခဲ့ချေ။

အလားတူပင် (၇၁) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ ဆိုင်းဘုတ်တွင်ပါဝင်သော (တော်လှန်ရဲမှ လွတ်လပ်မည်) ဟူသော စကားရပ်ကို နယ်လုံဝန်ကြီးက ကြိုက်နှစ်သက်ခြင်း မရှိသဖြင့် မွန်ပြည်နယ်အစိုးရက ထိုစကားရပ်နှင့် ဆိုင်းဘုတ်ကို ဖြုတ်ချရန် ညွှန်ကြားခဲ့သည်။

• • •